ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်၊ ဗုဒ္ဓဟူးနေ့၊ (17-9-2014) (၇၉၆၆)

**ဝမ္မစရိယာ တော်မင်္ဂလ မုတ္တမံ**
သုစရိုက် တရားကို
ကျင့်ခြင်းသည် မြတ်သော
မင်္ဂလာမည်၏။

**မိုးရွာသွန်းမှု**

၁၆-၉-၂၀၁၄

| | |
|---|---|
| ကော့သောင်း | ၄ ဒသမ ၆၁ လက်မ |
| ကြာအင်းဆိပ်ကြီး | ၂ ဒသမ ၄၃ လက်မ |
| ပဲခူး | ၁ ဒသမ ၉၃ လက်မ |
| မြစ်သား | ၁ ဒသမ ၉၂ လက်မ |
| ပုသိမ်ကြီး | ၁ ဒသမ ၇၃ လက်မ |
| ကျိုက်မရော | ၁ ဒသမ ၇၇ လက်မ |

# ၂၀၂၀ ခုနှစ်တွင် အာဆီယံ-တရုတ် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု နှစ်ဆမြှင့်တင်သွားနိုင်မည်ဟု မျှော်လင့်

နန်နင်း စက်တင်ဘာ ၁၆

**(၁၁)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ယနေ့ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ ကျင်းပသည်။**

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာကျောင်းကောင်းလိ၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်း၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ခ်ဟွန်ဆန်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ ဘွန်နန်ဗိုရာချစ်၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာဖန်ဘင်မင်း၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာဖောင်တက်ဖ်သပ်ခန်ဂျာန၊ အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ် ဦးဉာဏ်လင်း၊ အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်သည်။

ဖွင့်ပွဲအခမ်းအနားတွင် အာဆီယံနိုင်ငံများကိုယ်စား ဂုဏ်ထူးဆောင် ဦးဆောင်နိုင်ငံအဖြစ် ဆောင်ရွက်သည့် စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းနှင့်အတူ

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



**ဒုတိယသမ္မတ ဦးဉာဏ်ထွန်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အကြီးအကဲများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်တို့ ၂၀ ရာစု ပင်လယ်ရေကြောင်း ပိုးလမ်းမကြီးတည်ထောင်ရေး အထိမ်းအမှတ်အဖြစ် ပိုးလွန်းအိမ်များကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြစဉ်။** (သတင်းစဉ်)

## တောင်တရုတ်ပင်လယ်မုန်တိုင်းအရှိန်ကြောင့် ဒေသအလိုက် မိုးကြီးမည်

**နေပြည်တော် စက်တင်ဘာ ၁၆**

မြန်မာစံတော်ချိန် ညနေ ၄ နာရီအချိန် တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း "ခယ်(လ်)မေ့ဂီ" (Kalmaegi)၏ အရှိန်ကြောင့် ယနေ့ညနေမှ နောက်သုံးရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။

အဆိုပါ မိုးကြီးမည့် အခြေအနေကြောင့် ကုန်းမြင့်ဒေသအချို့တို့တွင် ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်း ဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သိရှိနိုင်ရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

**(ကြေးမုံ)**

## ကလေးမြို့ လျှပ်စစ်မီးတိုးတက်ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိ

**ကလေး စက်တင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ လျှပ်စစ်မီးတိုးတက်ရရှိရေးအတွက် နိုင်ငံတော်အစီအစဉ်ဖြင့် ၁၂၅၀ ကေဗွီအေ စက်ကြီးတစ်လုံးနှင့် ၅၀၀ ကေဗွီအေ စက်ကြီးတစ်လုံး ရောက်ရှိပြီးဖြစ်ရာ ယခုလကုန်ပိုင်းမှစ၍ လျှပ်စစ်မီး တစ်ရက်လျှင် ငါးနာရီနှုန်းဖြင့် တိုးမြှင့်ပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

"ကလေးမြို့ လျှပ်စစ်ရုံးမှာ အရင်က နိုင်ငံတော်ကပေးထားတဲ့ ၅၀၀ ကေဗွီအေ စက်ကြီးတစ်လုံးနှင့် မြို့မီးလင်းရေးကနေ ဝယ်ထားတဲ့ ၃၀၀ ကေဗွီအေ စက်ကြီးတစ်လုံးရှိပါတယ်။ နောက်ပြီး ဇီးချောင်းရေအားလျှပ်စစ်ရှိတယ်။ ဒီစက်တွေကနေ မြို့ကို တစ်ရက်သုံးနာရီနှုန်းနှင့် လေးရက်ခြားတစ်ည မိုးလင်းထိ မီးပေးပါတယ်။ ယခုဆက်လက်ပြီး နိုင်ငံတော်ကနေ ဒီဇယ်ခါတ်အားပေးစက်ကြီး နှစ်လုံးထပ်မံပံ့ပိုးပေးပြီးဖြစ်တာကြောင့် စက်တွေအားလုံးတပ်ဆင်ပြီးရင် တစ်ရက်ကို ငါးနာရီနှုန်း လျှပ်စစ်မီးနေ့တိုင်းပေးနိုင်တော့မှာ ဖြစ်ပါတယ်" ဟု ခရိုင်လျှပ်စစ်အင်ဂျင်နီယာမှူး ဦးယုမော်ကပြောသည်။

"နိုင်ငံတော်ကနေ ထောက်ပံ့ပေးတဲ့စက်တွေက ဩဂုတ်လနောက်ဆုံးပတ်ထဲမှာ ရောက်တာပါ၊ ယခုစက်တွေကို နေရာချထားတာ အားလုံးပြီးပါတော့မယ်၊ ၇၀ ရာခိုင်နှုန်းပြီးပြီလို့ ပြောလို့ရပါတယ်၊ စက်တွေလည်ပတ်နိုင်ဖို့ဆို ငါးရက်အတွင်း လည်ပတ်နိုင်မှာပါ။ စက်တင်ဘာလကုန် လျှပ်စစ်မီးပေးနိုင်အောင် ဆောင်ရွက်နေပါတယ်၊ စက်ကြီးတွေလည်ပတ်ပြီ၊ စမ်းသပ်ပြီဆိုရင်လည်း ခရိုင်၊ မြို့နယ် စီမံကော်မတီတွေခေါ်မယ်၊ မြို့အထောက်အကူတွေခေါ်မယ်၊ တစ်နာရီကို ဒီဇယ်ဘယ်လောက်ကုန်တယ်ဆိုတာ ပြောပြမယ်"ဟု လျှပ်စစ်ခါတ်အားဖြန့်ဖြူးရေးအင်ဂျင်နီယာချုပ် ဦးတင်မောင်ဝင်းက ပြောသည်။

"ယခု စက်ကြီးတွေမရောက်ခင်တုန်းကဆို ဒီဇယ်နဲ့ မီးပေးတဲ့အုပ်စု လေးအုပ်စုခွဲပြီးပေးရတယ်၊ တစ်ရက်ကို အလှည့်ကျနဲ့ မီးပေးထားရတယ်၊ ယခု စက်ကြီးတွေထပ်ရောက်ပြီဆိုတော့ အားလုံးတစ်ပြိုင်တည်းပေးမယ်"ဟု ၎င်းက ဆိုသည်။

ကလေးမြို့တွင် မီတာလုံးရေ ၄၁၀၀ ကျော်ရှိပြီး ကလေးမြို့နယ်အတွင်း ထရန်စဖော်မာဝန်အားအနေဖြင့် လျှပ်စစ်အဖွဲ့ပိုင် ၁၃ လုံး၊ အခြားဌာနပိုင် ၁၄ လုံး၊ တပ်ရင်းတပ်ဖွဲ့ပိုင် ၂၄ လုံး၊ ပုဂ္ဂလိကပိုင် ရှစ်လုံးရှိကြောင်း သိရသည်။

**(လင်းလက်ကြယ်စင်)**

BBB
ဘီသုံးလုံး ကားရောင်းစင်တာ
38+40 ကမ္ဘာအေးဘုရားလမ်း
(နှင်းဆီကုန်း ဘိုးဘွားရိပ်သာရှေ့)၊ ဗဟန်း။
Phone: 09-7320-7777

**ကြေးမုံစာတည်းရှထောင့်** **၁၇-၉-၂၀၁၄၊ ဗုဒ္ဓဟူးနေ့**

# လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိရေး

မြန်မာနိုင်ငံတွင် လက်ရှိကာလ၌ လူသုံးဦးတွင် တစ်ဦးသာလျှင် လျှပ်စစ်ဓာတ်အားရရှိသည့်အနေအထားဖြစ်သည့်အတွက် ၂၀၃၀ ပြည့်နှစ်တွင် လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိရေးသည် ပြီးပြည့်စုံသော ရည်မှန်းချက်ဖြစ်ပါကြောင်း အများပြည်သူအကျိုးငှာ သက်ဆိုင်ရာက အသိပေးပြောကြားထားသည်။

ယနေ့ကာလတွင် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများ ရရှိသုံးစွဲနေကြသော လျှပ်စစ်ဓာတ်အားပမာဏမှာ ယခင်ကာလများကထက်နှိုင်းစာလျှင် တိုးတက်ရရှိနေပြီဟု ဆိုနိုင်ပါသည်။ ယခင်က လျှပ်စစ်မီးမရရှိမှု၊ ရရှိသော်လည်း မကြာခဏပြတ်တောက်မှု၊ အလှည့်ကျစနစ်ဖြင့် ရရှိမှုတို့ကြုံတွေ့ခဲ့ရပြီး ယခုအခါ အပြည့်အဝမဟုတ်သော်လည်း တိုးတက်ရရှိနေသည်မှာ အမှန်ပင်ဖြစ်သည်ဟု ဆိုရပါမည်။

ထိုသို့တိုးတက်အောင် သက်ဆိုင်ရာက လုပ်ဆောင်ပေးနေသော်လည်း နှစ်စဉ်အိမ်ထောင်စုပေါင်း နှစ်သိန်းခန့် လျှပ်စစ်ဓာတ်အားတိုးတက်ရရှိရေး နှုန်းထားဖြင့် နောင် ၂၀၃၀ ခုနှစ်တွင် ပြည်သူအားလုံး လျှပ်စစ်ဓာတ်အား အသုံးပြုနိုင်ရန်အတွက် ပိုမိုကောင်းမွန်သော နည်းလမ်းများကို ယခုကတည်းက ကြိုတင်ကြံဆနည်းလမ်းရှာဖွေကြခြင်းဖြစ်သည်။

အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ထိုင်း၊ ဗီယက်နမ်၊ လာအိုနှင့် တရုတ်နိုင်ငံတို့တွင် လျှပ်စစ်ဓာတ်အားရရှိမှုကို ရာခိုင်နှုန်း ၃၀ မှ ရာခိုင်နှုန်းအပြည့် ရရှိစေရန် ဆယ်စုနှစ် နှစ်ခုအတွင်း ဆောင်ရွက်နိုင်ခဲ့ကြရာ မြန်မာနိုင်ငံတွင်လည်း လာမည့် ၁၆ နှစ်တာကာလတွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိရေးအတွက် နှစ်စဉ်လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု နှစ်ဆခန့်တိုးမြှင့်ဆောင်ရွက်နိုင်လျှင် မျှော်မှန်းထားသည့်အတိုင်း အောင်မြင်လိမ့်မည်ဟု ယုံကြည်ပါသည်။

ယခင်က ရန်ကုန်တိုင်းဒေသကြီးနှင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင်သာ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားပေးနိုင်ခဲ့သော်လည်း ယခုအခါတွင် ကချင်ပြည်နယ် မြစ်ကြီးနား၊ မိုးကောင်းနှင့် မိုးညှင်းမြို့များ၊ ချင်းပြည်နယ်တွင် ဟားခါးမြို့၊ ရှမ်းပြည်နယ်တွင် မိုင်းရယ်၊ တန့်ယန်း၊ မိုင်းနောင်နှင့် ကွန်ဟိန်းမြို့များ၊ ရခိုင်ပြည်နယ်တွင် သံတွဲနှင့် တောင်ကုတ်မြို့များသို့ တိုးမြှင့်၍ လျှပ်စစ်ဓာတ်အား ချိတ်ဆက်ဖြန့်ဖြူးပေးနိုင်သည်ကို တွေ့မြင်နေရပါသည်။

ထိုသို့ဆောင်ရွက်ပေးနိုင်ခြင်းသည် ၂၀၃၀ ခုနှစ်တွင် မြန်မာနိုင်ငံ၌ အိမ်ထောင်စုအားလုံးအတွက် လျှပ်စစ်ဓာတ်အားပေးနိုင်ရေးကို ရည်မှန်းချက်ထားပြီး အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံချက်ကို ရေးဆွဲဆောင်ရွက်ခြင်း၏ ရှေ့ပြေးရလဒ်များဟု ဆိုရမည်ဖြစ်သည်။ ယင်းသို့ ရည်မှန်းချက်ထားရှိဆောင်ရွက်ခြင်းကြောင့် နောင် ၁၆ နှစ်တာကာလတွင် အိမ်ထောင်စုပေါင်း ၇ ဒသမ ၂ သန်းခန့် လျှပ်စစ်ဓာတ်အား ထပ်မံတိုးချဲ့ဆက်သွယ်ပေးရတော့မည်ဖြစ်သည်။

လက်ရှိတွင် လွန်ခဲ့သော သုံးနှစ်တာကာလနှင့်နှိုင်းစာလျှင် လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှု ၃၃ ရာခိုင်နှုန်းတိုးတက်လာသည်ကို တွေ့ရသည်။ လက်ရှိမဟာဓာတ်အားလိုင်းများနှင့် အနာဂတ်တွင် တိုးချဲ့တည်ဆောက်ရန် လျာထားသည့် မဟာဓာတ်အားလိုင်းများမှ ကီလိုမီတာ ၅၀ အတွင်း ဓာတ်အားဖြန့်ဖြူးရေးလိုင်းများ တိုးချဲ့ဆက်သွယ်ပေးခြင်းဖြင့် နိုင်ငံ၏ လူဦးရေ ၉၉ ရာခိုင်နှုန်းမှာ လျှပ်စစ်ဓာတ်အားရရှိစေမည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်က လေ့လာဆန်းစစ်တွက်ချက်ထားသည်။

ထိုသို့ဆောင်ရွက်ရာတွင် လူနေထူထပ်သောဒေသ၊ ဝေးလံသောဒေသ၊ လူနေကျဲပြီး သွားလာရေးခက်ခဲသောဒေသများဟူ၍ အဆင့်လိုက်ခွဲခြားကာ လျှစ်စစ်ဓာတ်အားရရှိရေးကို မျှော်မှန်းဆောင်ရွက်နေသည်မှာလည်း လျော်ကန်သင့်မြတ်လှပါသည်။ နောက်ဆုံးကာလရောက်ရှိမှ ဓာတ်အားစနစ်ရောက်ရှိနိုင်သော ဝေးလံသောဒေသများမှပြည်သူများအား အနည်းဆုံးသုံးစွဲနိုင်မည့် လျှပ်စစ်ဓာတ်အားရရှိရေးနည်းလမ်းများပါ ထည့်သွင်းတွက်ချက်ထားသဖြင့် ပြည်သူများအတွက် ကျေနပ်စရာဖြစ်သည်။

ထို့ကြောင့် ၂၀၃၀ ခုနှစ်တွင် မြန်မာနိုင်ငံရှိ အိမ်ထောင်စုအားလုံး လျှပ်စစ်ဓာတ်အားရရှိရေး ရည်မှန်းထားသော အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံချက်အား ကြိုဆိုမျှော်လင့်ပါကြောင်းနှင့် ထိုစီမံချက် အောင်မြင်စေကြောင်း ဆန္ဒပြုပါသည်။ ။

## ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အားကစားနှင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၆**

အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယမန်နေ့ မွန်းတည့် ၁၂ နာရီတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် အုပ်ချုပ်ရေးဦးစီးအဖွဲ့ ညှိနှိုင်းခန်းမ၌ ပလောင် တိုင်းရင်းသားခေါင်းဆောင်များနှင့်တွေ့ဆုံ၍ အားကစား ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နမ့်ဆန်မြို့နယ် ပြည်သူ့ဆေးရုံ၌ အလှူငွေများနှင့် ဆေးဝါးများ လှူဒါန်းသည်။ ထို့နောက် နမ့်ဆန်မြို့ အထက(၁)ဝင်း အတွင်း၌ မြို့နယ်ပြည်သူ့အားကစားကွင်းအသစ် ဆောက်လုပ်မည့်နေရာကို ကြည့်ရှုသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် နမ့်ဆန်မြို့နယ် အထက(၁)ခန်းမ၌ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများနှင့်တွေ့ဆုံ၍ ကျောင်းသုံးဗလာစာအုပ်၊ အလှူငွေများနှင့်စာရေးကိရိယာများပေးအပ်လှူဒါန်းသည်။

ထို့နောက် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် အားကစားပစ္စည်းများလှူဒါန်းပွဲအခမ်းအနား၌ အမှာစကားပြောကြားသည်။

ယင်းနောက် အလှူရှင်များနှင့်တာဝန်ရှိသူတို့က ပလောင်ဒေသ အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေများနှင့် အားကစားအထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် စက်တင်ဘာ ၁၆**

| | | | | | | |
|---|---|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၅၇၀၀၀ - ၆၅၈၀၀၀ | | (ခ) ဥရောပ | တစ်ယူရို | = ၁၂၆၂.၂ |
| မန္တလေး | ရွှေဈေး | ၆၅၆၃၀၀ - ၆၅၇၃၀၀ | | (ဂ) တရုတ် | တစ်ယွမ် | = ၁၅၈.၇၄ |
| **စက်သုံးဆီဈေးနှုန်း** | | | | (ဃ) ထိုင်း | တစ်ဘတ် | = ၃၀.၂၁၉ |
| (က) ဒီဇယ် | တစ်လီတာ | ၉၅၀ ကျပ် | | (င) မလေးရှား | တစ်ရင်းဂစ် | = ၃၀၂.၂၃ |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၁၁၈၀ ကျပ် | | (စ) အိန္ဒိယ | တစ်ရူပီး | = ၁၅.၉၅၆ |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၉၄၀ ကျပ် | | (ဆ) ဂျပန် | တစ်ရာယန်း | = ၉၀၉.၈၅ |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် | | (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၄.၁၈၀ |
| **နိုင်ငံခြားငွေလဲလှယ်နှုန်း** | | | | (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၈၁.၆၇ |
| (က) အမေရိကန် | တစ်ဒေါ်လာ | = ၉၇၅.၀၀ | | (ည) စင်ကာပူ | တစ်ဒေါ်လာ | = ၇၇၂.၂၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

## အောင်မေတ္တာအခမဲ့ဆေးကုသဆောင်ဖွင့်လှစ်

**ပုသိမ် စက်တင်ဘာ ၁၆**


ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်သည် စက်တင်ဘာ ၁၄ ရက် နံနက် ၉ နာရီတွင် ပုသိမ်မြို့ အမှတ်(၁၄)ရပ်ကွက် ဉမ္မာဒန္တီလမ်းမကြီး(၁)လမ်းရှိ အောင်မေတ္တာ အခမဲ့ဆေးကုသဆောင် ဖွင့်လှစ်ခြင်းအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် တာဝန်ရှိသူများက အောင်မေတ္တာအခမဲ့ဆေးကုသဆောင်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ဝန်ကြီးချုပ်က ကမ္ပည်းမော်ကွန်းကျောက်စာအား အမွှေးနံ့သာရည်များပက်ဖျန်း၍ အမှတ်တရသစ်ပင်စိုက်ပျိုးကာ ဆေးကုသဆောင်အားလှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဆင်းရဲသည့် ပြည်သူများအတွက် အခမဲ့ဆေးခန်းများ ဖွင့်လှစ်နိုင်ရေး မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဆေးကုသဆောင် ရေရှည်တည်တံ့ခိုင်မြဲစေရန် ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်စိန်က အမှာစကားပြောကြားပြီး အလှူရှင် ဦးဝင်းအောင်က ဆေးကုသဆောင်လှူဒါန်းရသောရည်ရွယ်ချက်အား ရှင်းလင်းတင်ပြကာ ဆေးကုသဆောင်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများအား အမှတ်(၁၄)ရပ်ကွက်အုပ်ချုပ်ရေးမှူးထံ လွှဲပြောင်းပေးအပ်ခဲ့သည်။ ထို့နောက် ဆေးကုသဆောင်အတွက် အလှူရှင်များက ဆေးနှင့်ဆေးပစ္စည်းများ၊ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**






## ပြည်တွင်းရေးရာ

**☆ ရွှေ့ဖုံးမှ**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ကျန်းကောင်းလိ၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ခ်ဟွန်ဆန်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ ဘွန်နန်ဗိုရာချစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဒုတိယသမ္မတ ဦးညဏ်ထွန်း၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ဖန်ဘင်မင်း၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ဖောင် တက်ဖ် သပ်ခန်ဂျာနနှင့် တာဝန်ရှိသူများက အဖွင့်အမှာစကားပြောကြားကြသည်။

ဒုတိယသမ္မတ ဦးညဏ်ထွန်းက အဖွင့်အမှာစကားပြောကြားရာတွင် “၂၁ ရာစု၏ ပင်လယ်ရေကြောင်း ပိုးလမ်းမကြီးတည်ဆောက်ရေး”ဟူသည့် ယခုနှစ် တရုတ်-အာဆီယံကုန်စည်ပြပွဲ၏ ဆောင်ပုဒ်သည် အာဆီယံဒေသတွင်း ပေါင်းစည်းဆက်သွယ်မှုကို ဦးစားပေးရည်မှန်းချက်အနေဖြင့် ဆောင်ရွက်လျက်ရှိသည့် အချိန်အခါသမယနှင့် လွန်စွာကိုက်ညီပြီး အထူးပင်သင့်လျော်မှုရှိပါကြောင်း။

ပင်လယ်ရေကြောင်း ပိုးလမ်းမကြီးသည် အာဆီယံနှင့် တရုတ်နိုင်ငံအကြား ကဏ္ဍအများစုတွင် ပူးပေါင်းဆောင်ရွက်မှုနှင့် ဖော်ရွေသောဆက်ဆံမှုများ တိုးမြှင့်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ အထူးသဖြင့် ကုန်သွယ်မှု၊ အခြေခံအဆောက်အအုံနှင့် ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်များ မြှင့်တင်ရာတွင် အခွင့်အလမ်းသစ်များ ဆောင်ကြဉ်းပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း။

ထို့ပြင် အာဆီယံ-တရုတ် လွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီချက်များကို အဆင့်မြှင့်တင်ရန် ကြိုးပမ်းနေချိန်ဖြစ်သည့်အတွက် ပင်လယ်ရေကြောင်းဆိုင်ရာ ကုန်သွယ်မှုလမ်းကြောင်းများမှတစ်ဆင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာစေမည်ဖြစ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်နိုင်ငံတို့အကြား အပြန်အလှန်ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကိုလည်း မြှင့်တင်နိုင်မည်ဖြစ်ပါကြောင်း။

ဒေသတွင်း ခေတ်မီသည့် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုကွန်ရက်တည်ထောင်နိုင်ရန် ပင်လယ်ရေကြောင်းပိုးလမ်းမကြီး (Maritime Silk Road) နှင့် စီးပွားရေးရပ်ဝန်း (silk Road Economic Belt)တည်ဆောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အဆိုပြုချက်ကိုလည်း ကြိုဆိုပါကြောင်း။

မြန်မာနိုင်ငံသည် လက်ရှိအာဆီယံဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေသည်နှင့် အညီ ၂၀၁၅ ခုနှစ်တွင် အာဆီယံအသိုက်အဝန်း ပေါ်ထွက်လာရေးအတွက် အာဆီယံ၏ဖြစ်ပေါ်တိုးတက်မှုများကို အနည်းငယ်မျှဝေလိုပါကြောင်း။

ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် လုံခြုံရေးကိုတိုးမြှင့်ပေးနိုင်မည့် ဆွေးနွေးပွဲများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဖော်ဆောင်နိုင်ရေးအတွက် ပေါင်းကူးတံတားဖြစ်သော အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းဆီသို့ ဦးတည်လျက် မှန်ကန်သည့်လမ်းကြောင်းတွင် လျှောက်လှမ်းလျက်ရှိပါကြောင်း။

တဖြည်းဖြည်းပြောင်းလဲနေသည့် ဒေသဆိုင်ရာဗိသုကာပုံစံတွင် အာဆီယံ၏ အချက်အချာကျပြီး တက်ကြွသည့်အခန်းကဏ္ဍကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည့် တစ်ချိန်တည်းတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြားနှင့် တရုတ်နိုင်ငံအပါအဝင် ဆွေးနွေးဖက်နိုင်ငံများနှင့်လည်း အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ဆက်ဆံရေးပိုမိုခိုင်မာအောင် တိုးမြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၅ ခုနှစ် အာဆီယံစီးပွားရေးအသိုက်အဝန်း တည်ထောင်နိုင်ရေးလုပ်ငန်းစဉ်များတွင်လည်း သိသာထင်ရှားသည့် တိုးတက်မှုများရရှိနေပြီဖြစ်ပါကြောင်း၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး၊ အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ ဉာဏပိုင်ဆိုင်မှုအခွင့်အရေးများနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှုကဏ္ဍများတွင်လည်း အောင်မြင်မှုများရရှိနေပြီဖြစ်ပါကြောင်း၊ ထို့အပြင် ခိုင်မာ၍တန်းတူရည်တူရှိသည့် ငွေကြေးဈေးကွက်တည်ဆောက်နိုင်ရန် ငွေကြေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကို အထူးအာရုံစိုက်ဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိတို့၏ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးသည် အာဆီယံနှင့် တရုတ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံမှုများမြှင့်တင်ရေး၊ အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်ရေးနှင့် အိမ်နီးချင်းကောင်းပီသစွာ နေထိုင်ရေးတို့အတွက် သိသာထင်ရှားစွာ အထောက်အကူဖြစ်စေခဲ့ပါကြောင်း။

လက်ရှိအချိန်တွင် အာဆီယံသည် တရုတ်နိုင်ငံ၏အကြီးမားဆုံးသော ကုန်သွယ်ရေးမိတ်ဖက်အဖြစ်တည်ရှိနေပြီး အပြန်အလှန်ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ဘီလီယံ ၄၀၀ အထိရောက်ရှိနေပြီဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် အာဆီယံ၏စုစုပေါင်းတင်ပို့မှု၏ ၁၂ ရာခိုင်နှုန်းနှင့် စုစုပေါင်းတင်သွင်းမှု၏ ၁၆ ရာခိုင်နှုန်းရှိနေသည်ကို တွေ့ရပါကြောင်း။

မိမိတို့အနေဖြင့် အာဆီယံ-တရုတ်ကုန်သွယ်ရေးနှင့် နှစ်ဖက်အကျိုးတူပူးပေါင်းဆောင်ရွက်မှုသည် အာဆီယံနှင့် တရုတ်ပြည်သူများ၏ သာယာဝပြောမှုနှင့် လူနေမှုဘဝကို အထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါကြောင်း၊ ၂၀၂၀ ခုနှစ်တွင် အာဆီယံ-တရုတ် နှစ်ဖက်ကုန်သွယ်ရေးနှင့် နှစ်ဖက်ရင်းနှီးမြှုပ်နှံမှုကို နှစ်ဆမြှင့်တင်သွားနိုင်မည်ဟု မျှော်လင့်ပါကြောင်း။

တရုတ်နိုင်ငံမှ ၂၀၁၅ ခုနှစ်ကို အာဆီယံ-တရုတ် ပင်လယ်ရေကြောင်း ပူးပေါင်းဆောင်ရွက်ရေးနှစ်အဖြစ် သတ်မှတ်ရန်အဆိုပြုမှုကို ကြိုဆိုပါကြောင်း၊ ၂၁ ရာစုပင်လယ်ရေကြောင်းပိုးလမ်းမကြီး တည်ဆောက်ရေးအတွက် တရုတ်နိုင်ငံနှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညဏ်ထွန်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အကြီးအကဲများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်တို့သည် ၂၁ ရာစု ပင်လယ်ရေကြောင်း ပိုးလမ်းမကြီးတည်ဆောက်ရေးအထိမ်းအမှတ်အဖြစ် ပိုးလွန်းအိမ်များကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

နန်နင်းမြို့တွင် တရုတ်-အာဆီယံကုန်စည်ပြပွဲများကို ၂၀၀၄ ခုနှစ်မှစတင်၍ တရုတ်နှင့် အာဆီယံနိုင်ငံများအကြားရှိ ပြည်သူများအတွက် အကျိုးကျေးဇူးများ ရရှိခံစားစေနိုင်ရန်ရည်ရွယ်လျက် နှစ်စဉ်ကျင်းပခဲ့ခြင်းဖြစ်သည်။

ယခု (၁၁)ကြိမ်မြောက် ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ ပြခန်း ၈၀ ကျော် ဖွင့်လှစ်၍ မြန်မာနိုင်ငံ၏ ထွက်ကုန်ပစ္စည်းအမျိုးအစားများကို စုံလင်စွာ ကဏ္ဍအလိုက် ပြသထားကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ကွမ်ရှီးပြည်နယ်ပါတီအတွင်းရေးမှူး မစ္စတာ ဖန်ချင်းဟွာအား ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် လိယွမ်အစိုးရဧည့်ဂေဟာခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ဖော်ဆောင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍများ၌ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် အဆိုပါ ဧည့်ဂေဟာ၌ တရုတ်ပြည်သူ့နေ့စဉ်သတင်းဌာန၊ ဆင်ဟွာသတင်းဌာန၊ တရုတ်နေ့စဉ်ထုတ်သတင်းစာ၊ ကွမ်ရှီးပြည်နယ်သတင်းဌာန၊ ကွမ်ရှီးရုပ်မြင်သံကြားဌာန၊ မြန်မာတိုင်းမ်သတင်းစာနှင့် Skynet Channel တို့မှ သတင်းအဖွဲ့များအား တွေ့ဆုံခဲ့ပြီး တရုတ်-မြန်မာ၊ တရုတ်-အာဆီယံ ပူးပေါင်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ အနာဂတ်အလားအလာများနှင့် စပ်လျဉ်း၍ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် နန်နင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးသို့ရောက်ရှိပြီး ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းများ၊ မိသားစုများ၊ ပညာတော်သင်များနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ငြိမ်းချမ်းရေးနှင့် ပဋိပက္ခဆိုင်ရာ မီဒီယာသတင်းဖော်ပြမှုများ ပိုမိုတိုးတက်စေရန် ဆွေးနွေး

**ရန်ကုန် စက်တင်ဘာ ၁၆**

မီဒီယာနှင့် လူမှုအဖွဲ့အစည်းများအကြား ငြိမ်းချမ်းရေးနှင့် ပဋိပက္ခဆိုင်ရာ မီဒီယာသတင်းဖော်ပြမှုများ ပိုမိုတိုးတက်စေရန်အတွက် Internews မှ စီစဉ်သည့် အကြံပြုဆွေးနွေးပွဲတစ်ရပ်ကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ Park Royal တွင် ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲသည် ငြိမ်းချမ်းရေးသတင်းများကို မီဒီယာများတွင် ရေးသားဖော်ပြရာ၌ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နေသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးနှင့် သက်ဆိုင်သူများထံမှ ဝေဖန်အကြံပြုချက်များကို ရယူနိုင်ရန်နှင့် ယင်းတို့နှင့် ထိတွေ့၍ သတင်းရေးသားခြင်းဖြင့် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အကျိုးဖြစ်ထွန်းစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း Internews မှ ထုတ်ပြန်သည်။

ယင်းဆွေးနွေးပွဲသို့ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ(ယာယီ)တို့ တက်ရောက် ကြပြီး အပြန်အလှန်အကြံပြုဆွေးနွေးကြ သည်။

အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် မီဒီယာများအကြား ငြိမ်းချမ်းရေးနှင့် ပဋိပက္ခဆိုင်ရာ သတင်းများရေးသားဖော်ပြရာတွင် တာဝန်ယူမှုနှင့် တာဝန်ခံမှုရှိရန်၊ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် ယုံကြည်မှုတည်ဆောက်ရန် အစရှိသည့်ကိစ္စရပ်များကို အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

Internews သည် နိုင်ငံတကာမီဒီယာအဖွဲ့အစည်းတစ်ခုဖြစ်ပြီး အမေရိကန်အခြေစိုက် Internews Network နှင့် ဥရောပရှိ ဗြိတိန်အခြေစိုက် Internews Europe အဖွဲ့အစည်းနှစ်ဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် Internews Myanmar ရုံးခွဲ ဖွင့်လှစ်ထားရှိပြီး မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖော်ဆောင်မှုနှင့် ပဋိပက္ခလျှော့ပါးရေးအတွက် ယခုကဲ့သို့ ဆွေးနွေးပွဲများ၊ လုပ်ငန်းခွင် သတင်းခန်းနှင့် သင်တန်းများကို ပို့ချလျက်ရှိသည်။

**(သတင်းစဉ်)**



**ငြိမ်းချမ်းရေးနှင့် ပဋိပက္ခဆိုင်ရာ မီဒီယာသတင်းဖော်ပြမှုများ ပိုမိုတိုးတက်စေရန် အကြံပြုဆွေးနွေးပွဲ ကျင်းပစဉ်။** (သတင်းစဉ်)


သမ္မတ၊ သွင်၊ မင်္ဂလာ(၁)၊ မင်္ဂလာစံပြ၊ Top Royal၊ဝင်းလိုက်(မန္တလေး)၊ မြို့မ(မန္တလေး)
၁၉ . ၉ . ၂၀၁၄ ရက်မှ တစ်ပြိုင်တည်းပြပြီ



နေပြည်တော်(၁)၊ မင်္ဂလာစံပြ
မန္တလေး-မင်္ဂလာဒိုင်းမွန်း
၁၉ . ၉ . ၂၀၁၄ ရက်မှ တစ်ပြိုင်တည်းပြပြီ




နေပြည်တော်(၃) ၊ မင်္ဂလာ(၂)ဓနုဖြူ
မန္တလေး-မင်္ဂလာဒိုင်းမွန်း
၁၂ . ၉ . ၂၀၁၄ ရက်မှ တစ်ပြိုင်တည်းပြပြီ




ရွှေ့ဆောင်(၁)၊ မင်္ဂလာစံပြ
မန္တလေး-မင်္ဂလာဒိုင်းမွန်း
၅ . ၉ . ၂၀၁၄ ရက်မှ တစ်ပြိုင်တည်းပြပြီ




နေပြည်တော်(၂)၊ မြို့မ(မန္တလေး)-နံနက် ၁၀း၀၀ နာရီ
၁၉ . ၉ . ၂၀၁၄ ရက်မှ စတင်ပြပြီ




ရွှေ့ဆောင်(၂)
၅ . ၉ . ၂၀၁၄ ရက်မှ စတင်ပြပြီ




| သမ္မတ | သွင် | မင်္ဂလာ(၁) သိမ်ကြီးဈေး | မင်္ဂလာ(၂) ဓနုဖြူ(၂) | မင်္ဂလာစံပြ | ရွှေ့ဆောင်(၁) | ရွှေ့ဆောင်(၂) | နေပြည်တော် | Top Royal(ဇိန်ဂေဟာ-ပါရမီ) | ဝင်းလိုက်(မန္တလေး) | မြို့မ(မန္တလေး) | မင်္ဂလာဒိုင်းမွန်း(မန္တလေး) |
|---|---|---|---|---|---|---|---|---|---|---|---|
| ၀၁-၂၄၆၉၆၂ | ၀၁-၃၇၂၅၉၄ | ၀၁-၂၄၃၀၅၇ | ၀၉၇၃၂၅၄၀၉၁ | ၀၉၇၃၁၇၆၀၀၀ | ၀၁-၂၅၂၁၁၃ | ၀၁-၃၇၀၇၈၇ | ၀၁-၂၅၁၂၇၇ | ၀၉၄၂၀၁၀၆၂၉၁ | ၀၂-၃၉၁၂၈ | ၀၂-၃၉၁၃၆ | ၀၉၄၀၂၇၆၅၆၄၁ |
| ၀၁-၂၄၆၉၆၃ | ၀၉၇၃၂၃၅၅၆၀ | ၀၁-၂၄၃၀၅၈ | ၀၉၇၃၂၅၄၀၉၂ | ၀၉၇၃၁၇၆၁၁၁ | ၀၁-၃၈၈၀၃၄ | ၀၉၇၃၀၀၁၇၀၄ | ၀၁-၂၅၁၂၈၈ | ၀၉၄၂၀၁၀၆၂၉၂ | ၀၂-၆၀၂၉၁ | ၀၂-၃၉၁၃၇ | ၀၉၄၀၂၇၆၅၆၄၂ |

ပွဲချိန်သတ်မှတ်ပြ
၁၀း၀၀ နာရီ၊ ၁၂း၃၀ နာရီ၊ ၃း၃၀ နာရီ၊ ၆း၃၀ နာရီ၊ ၉း၃၀ နာရီ
Mingalar Cinemas facebook

# (၆၉)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ စက်တင်ဘာ ၁၆ ရက်တွင် စတင်ကျင်းပ

**ကုလသမဂ္ဂ စက်တင်ဘာ ၁၆**

ကုလသမဂ္ဂအထွေထွေညီလာခံ (၆၉)ကြိမ်မြောက် အစည်းအဝေးကို အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ စက်တင်ဘာ ၁၆ ရက်တွင် စတင်ကျင်းပခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

(၆၈)ကြိမ်မြောက် အထွေထွေညီလာခံ အစည်းအဝေးသည် စက်တင်ဘာ ၁၅ ရက်တွင် ပြီးဆုံးခဲ့သည်။ ၂၀၁၅ ခုနှစ်အလွန် ဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရေးကိစ္စရပ်ကို အလေးအနက်ပြု ဆွေးနွေးခဲ့ကြသည်။ ကုလသမဂ္ဂ ထောင်စုနှစ်ဖွံ့ဖြိုးရေး ရည်မှန်းချက်များအောင်မြင်စေရေးအတွက် အနာဂတ်ကာလ နိုင်ငံတကာဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံမူဘောင်နှင့်အညီ ယင်းအစီအစဉ်ကို အကောင်အထည်ဖော်မည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

(၆၈)ကြိမ်မြောက် အထွေထွေညီလာခံ အစည်းအဝေးကာလအတွင်း ထုတ်ပြန်ကြေညာချက်ပေါင်း ၃၀၀၀ ကျော်နှင့် ဆုံးဖြတ်ချက်ပေါင်း ၈၀ ချမှတ်ခဲ့ကြောင်း အထွေထွေညီလာခံဥက္ကဋ္ဌဂျွန်အက်ရှ်က ပြောကြားသည်။

ချူကလီးယားလက်နက် ဖျက်သိမ်းရေး၊ နိုင်ငံအလိုက်နှင့် နိုင်ငံတကာအလိုက် တရားဥပဒေစိုးမိုးရေး၊ ဖွံ့ဖြိုးရေးဆိုင်ရာ ရန်ပုံငွေများ ထောက်ပံ့ပေးရေး၊ အာကာသဆိုင်ရာ နည်းပညာကို ငြိမ်းချမ်းသောရည်ရွယ်ချက်ဖြင့် အသုံးပြုရေး၊ လူ့အခွင့်အရေး စံနှုန်းများမြှင့်တင်ရေး၊ သတင်းသမားများ ဘေးကင်းလုံခြုံစွာ သတင်းရယူနိုင်ရေးနှင့် ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့အတွက် အသုံးစရိတ်များရရှိရေး စသည့်အကြောင်းရပ်အမျိုးမျိုးကို ပြီးခဲ့သည့် အထွေထွေညီလာခံတွင် ဆွေးနွေးခဲ့ကြသည်။

**ဆင်ဟွာ။**



*ကုလသမဂ္ဂ အထွေထွေညီလာခံ အစည်းအဝေး ကျင်းပသည့် မှတ်တမ်းပုံ။*

# ပိုးလမ်းမ ကုန်သွယ်ရေးဇုန်များ ထူထောင်ရန်ဦးတည် တရုတ်သမ္မတ သီရိလင်္ကာနိုင်ငံသို့ ရောက်ရှိ

**ကိုလံဘို စက်တင်ဘာ ၁၆**

ဆယ်စုနှစ်အတန်ကြာကာလအတွင်း သီရိလင်္ကာနိုင်ငံသို့ လာရောက်သည့် တရုတ်နိုင်ငံ အကြီးအကဲတစ်ဦး၏ ပထမဆုံးခရီးစဉ်အဖြစ် စက်တင်ဘာ ၁၆ ရက်တွင် တရုတ်သမ္မတရှီကျင့်ဖျင်သည် ယင်းနိုင်ငံသို့ ဆိုက်ရောက်လာသည်။

အာရှတိုက်ရှိ နိုင်ငံလေးနိုင်ငံသို့ ခရီးလှည့်လည်နေသော တရုတ်သမ္မတ၏ တတိယခရီးတစ်ထောက် နိုင်ငံအဖြစ် သီရိလင်္ကာနိုင်ငံသို့ ရောက်ရှိလာခြင်းဖြစ်သည်။

တရုတ်သမ္မတသည် တာဂျီကစ္စတန်နှင့် မော်လ်ဒိုက်နိုင်ငံတို့သို့ရောက်ရှိခဲ့ပြီး စက်တင်ဘာ ၁၇ ရက်တွင် အိန္ဒိယနိုင်ငံသို့ ရောက်ရှိမည်ဖြစ်သည်။

သီရိလင်္ကာနိုင်ငံတွင်ရှိနေစဉ် သမ္မတရှီသည် သမ္မတမဟိန္ဒြာရာဂျာပတ်ဆေးနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ပြီး ဝန်ကြီးချုပ် ဒီအမ်ဂျာယာရတ်နီနှင့် လွှတ်တော်ဥက္ကဋ္ဌ ချာမယ်လ်ရာဂျာပတ်ဆေးတို့နှင့်လည်း တွေ့ဆုံကာ နှစ်နိုင်ငံဆက်ဆံရေး မြှင့်တင်နိုင်မည့် နည်းလမ်းများကို ဆွေးနွေးမည်ဖြစ်သည်။

တရုတ်နိုင်ငံက အဆိုပြုထားသော ပိုးလမ်းမကုန်သွယ်ရေးဇုန်နှင့် ၂၁ ရာစု ပင်လယ်ရေကြောင်း ပိုးလမ်းမကုန်သွယ်ရေးဇုန်အစီစဉ်တို့ကို သီရိလင်္ကာနိုင်ငံက အင်တိုက်အားတိုက် ထောက်ခံနေချိန်တွင် တရုတ်သမ္မတ၏ သမိုင်းဝင်ခရီးစဉ်ဖြစ်ပေါ်လာခဲ့သည်။

တရုတ်နှင့်သီရိလင်္ကာတို့၏ လွတ်လပ်သောကုန်သွယ်ရေး သဘောတူညီချက်ရရှိရေး ဆွေးနွေးပွဲအတွက် ရှီကျင့်ဖျင်၏ ခရီးစဉ်က အားသစ်လောင်းပေးလိမ့်မည်ဟု မျှော်လင့်ရကြောင်း သတင်းတွင်ဖော်ပြသည်။





*စက်တင်ဘာ ၁၆ ရက်က သီရိလင်္ကာနိုင်ငံ ကိုလံဘိုလေဆိပ်သို့ တရုတ်သမ္မတ ရှီကျင့်ဖျင် လိုက်ပါလာသောလေယာဉ် ဆိုက်ရောက်လာစဉ်။*

၂၀၁၄ ခုနှစ် မတ်လက ပြုလုပ်ခဲ့သော လေ့လာချက်တစ်ရပ်တွင် တရုတ်နှင့် သီရိလင်္ကာတို့အကြား လွတ်လပ်သော ကုန်သွယ်ရေးဇုန်နယ်မြေထူထောင်ခြင်းဖြင့် နှစ်နိုင်ငံစလုံး အကျိုးကျေးဇူးရရှိစေနိုင်မည်ဟု ဆိုသည်။

**ပီတီအိုင်။**



# မီးခိုးမြူထိန်းချုပ်ရေး အင်ဒိုနီးရှားပါလီမန် မဲပေး

**ဂျကာတာ စက်တင်ဘာ ၁၆**

အင်ဒိုနီးရှားနိုင်ငံ အနောက်ပိုင်း၌ တောမီးလောင်မှုကြောင့် အိမ်နီးချင်း စင်ကာပူနိုင်ငံ၌ မီးခိုးမြူလွှမ်းခြုံနေစဉ်မှာပင် အာဆီယံ၏ နယ်စပ်ဖြတ်ကျော် မီးခိုးမြူထိန်းချုပ်ရေး ဒေသဆိုင်ရာသဘောတူညီချက်တစ်ရပ်ကို အတည်ပြုနိုင်ရန် အင်ဒိုနီးရှားပါလီမန်က စက်တင်ဘာ ၁၆ ရက်တွင် မဲပေးဆုံးဖြတ်ခဲ့ကြောင်း ပါလီမန်က ထုတ်ပြန်သောကြေညာချက်တစ်ရပ်၌ ဖော်ပြသည်။

အင်ဒိုနီးရှားနိုင်ငံ ဆုမတြာကျွန်းရှိ ကျယ်ပြောလှသော သစ်တောနယ်မြေအတွင်း တောမီးလောင်မှုများကို ထိန်းချုပ်နိုင်ခြင်းမရှိသဖြင့် စင်ကာပူနိုင်ငံ၌ လေထုညစ်ညမ်းမှုပြဿနာသည် အများပြည်သူတို့၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သည့်အဆင့်အထိ ပိုမိုဆိုးရွားလာကြောင်း စင်ကာပူတာဝန်ရှိသူများက ပြောကြားကြသည်။

အဆိုပါ သဘောတူညီချက်အရ အင်ဒိုနီးရှားနိုင်ငံသည် တောမီးလောင်မှုများနှင့် မီးခိုးမြူလွှမ်းခြုံမှုထိန်းချုပ်ရေးဆိုင်ရာ မူဝါဒများကို ရေးဆွဲချမှတ်ရန်၊ မီးခိုးမြူတိုက်ဖျက်ရေးလုပ်ငန်းနှင့်ပတ်သက်၍ ဒေသဆိုင်ရာနိုင်ငံများ၏ ဆုံးဖြတ်ချက်ချမှတ်သော အခန်းကဏ္ဍတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ရန်၊ မီးခိုးမြူပြဿနာအား ကိုင်တွယ်ဖြေရှင်းရေးတွင် အရင်းအမြစ်များ ပိုမိုသုံးစွဲရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပါလီမန်၏ ကြေညာချက်တွင် ဖော်ပြသည်။

**ပီတီအိုင်။**

# ဖိလစ်ပိုင်၌ မီးတောင်ပေါက်ကွဲရန် လှုပ်ရှားနေ ဒေသခံပြည်သူ ထောင်ချီပြောင်းရွှေ့

**မနီလာ စက်တင်ဘာ ၁၆**

ဖိလစ်ပိုင်နိုင်ငံရှိ ပေါက်ကွဲရန်လှုပ်ရှားမှုအများဆုံးမီးတောင်တစ်လုံး၏ဝန်းကျင်၌နေထိုင်သူ ဒေသခံပြည်သူ ထောင်ပေါင်းများစွာကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းမှုများ စတင်ပြုလုပ်နေပြီဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

အဆိုပါမီးတောင်မှ ချော်ရည်စီးထွက်မှုများဖြစ်ပေါ်နေခြင်းကြောင့် ဒေသဆိုင်ရာအာဏာပိုင်များက မီးတောင်ပေါက်ကွဲမှုဖြစ်ပေါ်နိုင်သည်ဟု သတိပေးထားသည်။

မေယွန်အမည်ရှိ အဆိုပါမီးတောင်သည် မြေငလျင်ငယ်များ တိုးမြင့်လှုပ်ရှားမှုများဖြစ်ပေါ်စေကြောင်း ဖိလစ်ပိုင်တာဝန်ရှိသူများက ပြောကြားသည်။

ယင်းမီးတောင်သည် လာမည့်ရက်သတ္တတစ်ပတ်အတွင်း ပေါက်ကွဲနိုင်ကြောင်း ဖိလစ်ပိုင် မီးတောင်လေ့လာရေးဌာန ညွှန်ကြားရေးမှူး နာတိုဆိုလီဒမ်က အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

အဆိုပါမီးတောင်၏ ရှစ်ကီလိုမီတာ(ငါးမိုင်)ပတ်လည် နယ်မြေအတွင်း နေထိုင်သူပြည်သူများ ရွှေ့ပြောင်း ထွက်ခွာရန် ညွှန်ကြားထားကြောင်း ဒေသဆိုင်ရာမြို့ပြကာကွယ်ရေးအဖွဲ့ ညွှန်ကြားရေးမှူး ဘရန်နာဒိုအယ်ဂျန်ဒရိုက ပြောကြားသည်။

ဘေးအန္တရာယ်ကျရောက်မည့် ဇုန်အတွင်းမှ လူဦးရေ ၅၀၀၀၀ ထက်မနည်း ပြောင်းရွှေ့ပေးမည်ဟု အာဏာပိုင်များက မျှော်လင့်ထားပြီး ပစိဖိတ်သမုဒ္ဒရာကမ်းခြေဒေသရှိ အုန်းစိုက်ပျိုးထုတ်လုပ်သူ ဒေသခံများအား သုံးရက်အတွင်း ကယ်ထုတ်ပေးနိုင်မည်ဟု ဆိုသည်။

**ဘီဘီစီ။**



*စက်တင်ဘာ ၁၆ ရက်က မေယွန်မီးတောင် ပေါက်ကွဲရန် လှုပ်ရှားနေသည်ကို တွေ့ရစဉ်။*

ပြည်တွင်းရေးရာ

# မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၆**

နေပြည်တော်ရှိမွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၌ ယမန်နေ့ နံနက် ၈ နာရီတွင် ကျင်းပသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် ကျေးလက်များတွင် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရန် ကျေးလက်ဖွံ့ဖြိုးရေးဘဏ်ချေးငွေဖြင့် ကျပ်သန်း ၄၁၀၀ ကျော် ထုတ်ချေးပေးနိုင်ခဲ့ပြီး တိုးတက်ထုတ်ချေးနိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးလက်များတွင် အသားထုတ်လုပ်မှုရွာ၊ ငါးထုတ်လုပ်မှုရွာ တည်ထောင်သွားမည်ဖြစ်ကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပထမ လေးလပတ်ကုန်အထိ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းထုတ်လုပ်မှု ကျပ် ၁၁၅၀ ဘီလီယံ ထုတ်လုပ်ခဲ့ကြောင်း၊ တိရစ္ဆာန် ကူးစက်ရောဂါကြိုတင်ကာကွယ်နိုင်ရန် ကျွဲ၊ နွားရောဂါကာကွယ်ဆေးများ၊ ကြက်ရောဂါကာကွယ်ဆေး (အိုင်တူး) တို့ကို အခမဲ့ ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း၊ နို့စားနွားနှင့် ခိုင်းနွားများ တိုးပွားလာစေရန် မျိုးရည်ခဲချောင်း ၁၆၀၀၀၀ ကျော် အခမဲ့ ဖြန့်ဖြူးပေးခဲ့ကြောင်း။

လက်ကားဈေးကွက်များကို ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ ကွတ်ခိုင်နှင့် တွံတေးမြို့နယ်တို့တွင် တည်ဆောက်ဖွင့်လှစ်ပေးရန် စီစဉ်လျက်ရှိပြီး လေ့ကျင့်ပညာပေးဝန်ဆောင်မှုအဖြစ် ပြောင်းလဲကျင့်သုံးခဲ့ရာတွင် မွေး/ရေကျေးလက် လူငယ် ၂၉၀၀၀ အား ကျေးရွာပေါင်း ၆၀၇၁၉ ရွာတွင် စည်းရုံးဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း၊ ပျားမွေးမြူရေး အတတ်သင်စာတွေ့လက်တွေ့ လေးပတ်ကြာ သင်တန်းပို့ချပေးနိုင်ခဲ့ပါကြောင်း၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို မြို့နယ် ၁၃၀ ရှိကျေးရွာပေါင်း ၁၁၅၀ တွင် ယခုဘဏ္ဍာရေးနှစ် ပထမ လေးလပတ်အတွင်း အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ပြည်သူဗဟိုပြုကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကိုယ်တိုင်ဆောင်ရွက်လျက်ရှိသကဲ့သို့ ကမ္ဘာ့ဘဏ်၊ အီတလီဖွံ့ဖြိုးရေးကော်ပိုရေးရှင်းတို့နှင့်ပူးပေါင်း၍ လူထုဗဟိုပြုဖွံ့ဖြိုးမှုစီမံကိန်း၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့်ပူးပေါင်း၍ အသက်မွေးဝမ်းကျောင်းမြှင့်တင်ရေးစီမံကိန်း၊ ထိုင်းနိုင်ငံ စီပီကုမ္ပဏီ၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ (CITIC) ကုမ္ပဏီတို့နှင့်ပူးပေါင်း၍ ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေစီမံကိန်းစသည့်စီမံကိန်းကြီးများကို ကျေးရွာပေါင်း ၃၀၀၀ ကျော်အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း၊ နာဂစ်မုန်တိုင်းဒဏ်ခံခဲ့ရသော ဧရာဝတီတိုင်းဒေသကြီးခရိုင် ငါးခုတွင် စီးပွားရေးလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးလာစေရန်၊ ကျွဲမွေးမြူရေးလုပ်ငန်း အပါအဝင် အသားကဏ္ဍအတွက် တစ်ဘီလီယံ၊ ငါးကဏ္ဍအတွက် တစ်ဘီလီယံအထောက်အပံ့ပေး၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြုပြင်ပြောင်းလဲရေးမူဝါဒအရ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်(ရေဆင်း)တွင် ယခင်ရှိပြီး တိရစ္ဆာန်ဆေးပညာဘွဲ့ ခြောက်နှစ်သင်တန်းအပြင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှစ၍ မွေးမြူရေးပညာဘွဲ့ (Animal Science) လေးနှစ်သင်တန်းအား သီးခြားစီ တိုးချဲ့ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးခင်မောင်အေး၊ ဒေါက်တာအောင်မြတ်ဦးနှင့်ဦးတင်ငွေတို့ကလုပ်ငန်းဆိုင်ရာများ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ဝန်ကြီးဌာနအောက်ရှိ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးညွှန်ကြားရေးမှူးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်နယ်/တိုင်းဒေသကြီးများမှ ညွှန်ကြားရေးမှူးများ၊ စုစုပေါင်း ၁၉၈ ဦးတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




# ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် စိုက်ကွင်းများ ကြည့်ရှုအားပေး

**နေပြည်တော် စက်တင်ဘာ ၁၆**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက် ၇ နာရီက ဥတ္တရသီရိမြို့နယ်ရှိ နဂါးမောက်သီးနှံစိုက်ခင်းနှင့် ကန်စွန်းဥစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပျဉ်းမနားမြို့နယ်ရှိ ကညွတ်စိုက်ကွင်းများ၊ စပါးခင်းများ၊ ပိန်းဥစိုက်ကွင်းများ၊ ငွေချည်(၉)နှင့် ရွှေတောင်(၈)ချည်မျှင်ရှည်ဝါသီးနှံစိုက်ခင်းနှင့် ဆီထွက်နေကြာသီးနှံစိုက်ခင်းတို့ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**




# စာရေးသင်တန်းများဖွင့်

**ရန်ကုန် စက်တင်ဘာ ၁၆**

စာရေးဝန်ထမ်းကြီးကြပ်မှုတန်းမြင့်သင်တန်းအမှတ်စဉ်(၈၀)နှင့် စာရေးဝန်ထမ်း အခြေခံသင်တန်းအမှတ်စဉ်(၁၄၅)တို့ သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၇ နာရီခွဲတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)အုန်းတောခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ် ဦးညီညီစံတက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းသို့ ဝန်ကြီးဌာနအသီးသီးမှ သင်တန်းသား ၁၅၈ ဦး၊ သင်တန်းသူ ၂၄၄ ဦး စုစုပေါင်း ၄၀၂ ဦးတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ချို့နဲ့ခရီးသွားရတာ အရမ်းအဆင်ပြေတောင်းဆိုတဲ့? မိတ်ဆောင်း/ဆန် များအတွက်
*** နေ့ချင်းပြန် အတူးသီးသန့်ခရီးစဉ်များ *** Tours Express ကားသစ်ကြီးများဖြင့်
ကျွှာအမွေအနှစ် တရင်းခင် (သရေခေတ္တရာမြို့ဟောင်း) နှင့် ပြည်ဘုရားစုံ
ညလည်စာ/နံနက်စာ/နေ့လည်စာ/ရေသန့်/ကားခ/ဝတ်ပြုလှူဝင်ကြေးအားလုံးငြိမ်း 35000 Sep-26
ရွှေဟောင်းသမိုင်းဝင် အဆောက်ဆောင် နှင့် ပြည်ဘုရားစုံ
ညလည်စာ/နံနက်စာ/နေ့လည်စာ/ရေသန့်/ကားခ/ဝတ်ပြုလှူဝင်ကြေးအားလုံးငြိမ်း 35000 Sep-26
ညလည်စာ/နံနက်စာ/နေ့လည်စာ/ရေသန့်/ကားခ/ဝတ်ပြုလှူဝင်ကြေးအားလုံးငြိမ်း 35000 Sep-26
Orange Center
Ph: 09-420073607, 09-31013761, 09-49250637

မြေကွက်များဝယ်လိုသည်
ရန်ကုန်မြို့ ဒဂုံမြို့သစ်
(အရှေ့ပိုင်း၊ ဆိပ်ကမ်း တောင်ပိုင်း၊ မြောက်ပိုင်း)
မြို့နယ်များရှိ မြေကွက်များ ဝယ်လိုသည်။
-၀၉-၄၄၈၀၂၅၇၄၂
၀၉-၄၂၀၁၀၇၀၂၁
၀၉-၇၃၂၃၄၆၅၆

UNIQUE UNIQUE STAR TRAVELS & TOURS
ဗန်ကောက် (6)D [Dream / Safari World, Koh Larn Island, Emerald Buddha, Byoke Sky/Cruise Dinner, Tiger Zoo, Nong Noach Garden, Alcaza Show, Ayutthaya ] Oct: 4,11,18,25 / Nov: 1,8,15,22,29 (300,000)
ကူမင်း၊သလီ၊လိကျန်း၊ရှန်ဂရီလာ (6)D Oct: 4,18 / Nov: 1,15,29 / Dec: 13,27 (400,000)
ဥရောပ(10) နိုင်ငံ ဂျပန်+ကိုရီးယား ကိုရီးယား ပီကင်း ဗုဒ္ဓဂယာ
သြစတြေးလျ စင်ကာပူ+မလေး ဂျပန် ဟောင်ကောင် ဖူးခက်/ဘာလီ
အမေရိကား ဗီယက်နမ်+ကမ္ဘောဒီးယား ဒူဘိုင်း မော်လဒိုက် တောင်အာဖရိက
No.(70/A), Kabaaye Pagoda Rd, Bahan Tsp, Yangon. Ph: 860 4964, 860 4965, 860 4966. 708 353, 705 723, 09 7310 9133, 09 7310 9144, 09 7310 9155, 09 7310 9166, 09514 8079

MMC
MMC Myanmar Metropolitan College
Myanmar's Global Business Education Hub
"တက္ကသိုလ်ဝင်တန်းအောင်မြင် ထားသူများအတွက် ပညာရေးဆွေးနွေးပွဲ"
US Qualified Business Leader များအတွက်
DUAL (U.S./SWISS) MBA PROGRAM
In Collaboration with
University of the Potomac & UBIS University
The First Accredited US.MBA at Myanmar Metropolitan College
တက္ကသိုလ်ဝင်တန်းအောင်နှင့် IGCSE အောင်မြင်ထားသူများအတွက်
HND
Higher National Diploma in Business,
Awarded by Scottish Qualifications Authority
Bachelor of Business Administration
နေ့ရက် - 18th Sep 2014
အချိန် - 2:00 to 3:00 pm
နေရာ - MMC City Campus
စာရင်းပေးသွင်းရန် 01-2301380/1
09-450063108/9
US Qualified Business Leader ... Business ... US.MBA ... MMC ...
MMC City Campus တွင် Higher National Diploma ... MMC ... UK, USA, Australia, Ireland, Netherlands, New Zealand, Singapore, Malaysia, Thailand ...
MMC City Campus : 47 / 48, Bahosi Building, Lamataw Township 11131, Yangon, Myanmar.

# ကြောက်လို့မပြောတာ၊ ရှက်လို့မပြောတာ၊ ဒီတစ်ခါ မပါပါစေနဲ့

## ကျီးမနိုးတင်ဝင်း(ပေါင်းတည်)

**ညစ်ညမ်းဇာတ်လမ်းများကိုကြည့်ပြီး မတော်မတရားပြုကျင့်သော ဖြစ်စဉ်များ ရှိခဲ့ပါသည်။ ထိုထက်ဆိုးသည်မှာ** လက်ကိုင်ဖုန်းမှတစ်ဆင့် မဟုတ်မမှန်သော ကောလာဟလများချဲ့ကား၍ ကြီးမားသော ပဋိပက္ခများအထိ ရှိခဲ့ပါသည်။

မကြာသေးမီက ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့၏ ထင်ပေါ်ကျော်ကြားလူသိများသော ပေါင်းတည်စွယ်တော်ဘုရားပွဲကြီး ပြီးသွားခဲ့ပြီဖြစ်ပါသည်။ စွယ်တော်လှည့်လည်ပူဇော်ပွဲမှာ နှစ်ပေါင်း ၁၁၀ ကျော်ခဲ့ပြီဖြစ်ပါသည်။ ပေါင်းတည်မြို့မှာ ကျွန်တော်၏ ဇာတိချက်ကြွေမွေးရပ်မြေဖြစ်ပါသည်။ မရောက်တာလည်း ကြာခဲ့ပါပြီ။ များပြားလှသော အလုပ်တာဝန်တွေကြောင့် လူမရောက်သော်လည်း စိတ်ကတော့ အမြဲရောက်နေခဲ့ပါ၏။ ကျွန်တော့်အနေဖြင့် ပေါင်းတည်စွယ်တော်ပွဲနှင့်ပတ်သက်သော သတိရစရာလေးများကတော့ အများကြီးရှိနေပါသည်။ ထိုအများကြီးထဲမှ ကျွန်တော့်၏ မိခင်ကြီးဒေါ်ရီပြောပြသော စွယ်တော်ပွဲမှ ဖြစ်စဉ်လေးတစ်ခုက မှတ်မှတ်ထင်ထင် ခေါင်းထဲသို့ ဝင်လာပါ၏။ မိခင်ကြီးမှာ ယနေ့အချိန်ထိ သက်ရှိထင်ရှားရှိနေပြီး အသက်(၈၀)နားနီးပြီဖြစ်ပါသည်။ ပေါင်းတည်မြို့နယ် ကျီးမနိုးရွာတွင် နေထိုင်ပါသည်။ မိခင်ကြီး ငယ်ငယ်က ကြုံတွေ့ခဲ့ရသော ဖြစ်စဉ်မှာ ယခုဆိုပါလျှင် နှစ်ပေါင်း ၇၀ ခန့် ရှိလိမ့်မည် ထင်ပါသည်။

ဖြစ်စဉ်မှာ ကျွန်တော်တို့ရွာက မိသားစုတစ်စု ပေါင်းတည်စွယ်တော်ပွဲသို့သွားခြင်းက အစပြုပါသည်။ ထိုမိသားစုတွင် သူငယ်တန်းအရွယ် ကျောင်းသားလေး မောင်အောင်လည်း စွယ်တော်ပွဲသို့ ပျော်ရွှင်စွာ လိုက်ပါသွားခဲ့ပါ၏။ မောင်အောင်လေးကို သူ့မိဘက တစ်နှစ်တစ်ခါမှသာ ခြိမ့်ခြိမ့်သဲဆင်နွဲသည့် စွယ်တော်ပွဲတွင် မိသားစု၏ ချွေးနဲစာဖြင့် စုဆောင်းလုပ်ထားသော ရွှေဆွဲကြိုးလေး ဆွဲပေးထားပါသည်။ တောသူတောင်သားတို့ ထုံးစံအတိုင်း ရွှေဆွဲကြိုးကို အင်္ကျီအတွင်းတွင် ထည့်မဆွဲဘဲ အင်္ကျီအပေါ်က ထုတ်၍ဆွဲထား၏။ ဤသို့ဖြင့် မောင်အောင်တို့မိသားစု ကြက်ပျံမကျ စည်ကားသော စွယ်တော်လှည့်လည်ပွဲသို့ ခြေကျင်လျှောက်ရင်း ရောက်ကြပါပြီ။ အနယ်နယ်အရပ်ရပ်က လာရောက်ကြသော ပရိသတ်အပေါင်းကလည်း တိုးလို့ပင် မပေါက်တော့။ စွယ်တော်မြတ်တည်ရှိရာ ဘုရားကြီးလမ်း၌ဆိုပါလျှင် ခြေထောက်ချပြီး နင်းဖို့ရာပင် မလွယ်ကူလောက်အောင် စည်ကားလှပါ၏။ စွယ်တော်ကို ဆင်ဖြင့်တင်ဆောင်ကာ မြို့လုံးကျွတ်လှည့်လည်အပူဇော်ခံခြင်းဖြစ်ရာ စွယ်တော်နှင့်အတူ ယိမ်းကားများ၊ လှည်းများဖြင့်လည်း လှည့်လည်သရုပ်ဖော်သော ဇာတ်နိပါတ်များဖြင့် အလွန်စည်ကားလှပါ၏။

မောင်အောင်တို့မိသားစု စွယ်တော်ပွဲကို အားပါးတရ လှည့်လည်ဖူးမြော်ရင်း တိုးမပေါက်အောင် စည်ကားသော ပွဲဈေးတန်းကို လှည့်လည်ကာ ရွာသို့ ပြန်ရောက်လာ၏။ ရွာသို့ရောက်ပြီး ခဏအကြာ အဝတ်အစားလဲသောအခါ ပြဿနာက စတော့သည်။ မောင်အောင်တွင် ဆွဲပေးထားသော ဆွဲကြိုးလေး မရှိတော့ပါ။ မောင်အောင့်အမေက မောင်အောင်ကို မေး၏။ မောင်အောင် မသိ။ ထပ်မေးပြန်၏။ မောင်အောင် မဖြေ။ ရွှေဆွဲကြိုးမတွေ့၍ အမေသာမက အဖေနှင့် အခြားမိသားစုဆွေမျိုးများက ဝိုင်းမေးသော်လည်း မောင်အောင့်ထံမှ အဖြေမရ။ မသိဘူးဟု တွေတွေကြီးသာ ငြင်းရင်း ပေခံနေ၏။ မေးပါများတော့ မျက်ရည်တွေ စီးကျလာပြီး ရှိုက်ကာ ရှိုက်ကာ ငိုနေပေ၏။ ချော့မေးလည်းမရ။ ခြောက်မေးလည်း မရ။ ခွကျလို့သာ နေလေ၏။

နောက်ဆုံး မေးရင်းမေးရင်းနှင့် မောင်အောင် ပါးစပ်မှ ရှိုက်သံ ငိုသံနှင့် ရောထွေးကာ "သေရမှာကြောက်လို့၊ အမေနဲ့မခွဲနိုင်လို့"ဟူသော စကားတစ်ခွန်း ရလေ၏။ အတိုချုပ်အားဖြင့် ပြောရပါလျှင် စွယ်တော်ပွဲတွင် လူတွေကျပ်နေသည့်ကြားမှ မိဘများ စွယ်တော်ပွဲကို အာရုံရောက်နေခိုက် လူတစ်ယောက်က မောင်အောင်ကို မုန့်ဝယ်ကျွေးပြီး စကားတွေ အများကြီးပြောကာ လူအလစ်တွင် ဆွဲကြိုးကို ဖြုတ်ယူ၏။ မုန့်ကျွေးပြီး ရေတိုက်၏။ ဆွဲကြိုးဖြုတ်သည်ကို မည်သူ့ကိုမျှ ပြန်မပြောရကြောင်း၊ ယခုတိုက်သော ရေမှာ သစ္စာရေဖြစ်ကြောင်း၊ မိဘများနှင့် တခြားသူများအား ဤအကြောင်းကိုပြောလျှင် သစ္စာရေသောက်ထားပြီးဖြစ်သည့်အတွက် အလိုလိုသွေးများထွက်၍ မုချ မလွဲမသွေ သေရမည်ဖြစ်ကြောင်း ကြောက်စရာကောင်းလောက်အောင် အချိန်တိုအတွင်းပြောဆိုကာ ထိုသူမှာ လူကြားထဲသို့ တိုးဝင်ပျောက်ကွယ်သွားခြင်းဖြစ်ပါသည်။ ထို့ကြောင့် မောင်အောင်မှာ ကြောက်လန့်ပြီး မပြောရဲကာ ရှိုက်ကြီးတငင် ငိုနေခြင်းဖြစ်ပါသည်။ အထက်ပါဖြစ်စဉ်မှာ ကျွန်တော်တို့ ကျီးမနိုးရွာတွင်ဖြစ်ခဲ့သော ဖြစ်ရပ်မှန်ဇာတ်လမ်းဖြစ်ပါသည်။ တောသူတောင်သားတို့၏ ရိုးသားခြင်း၊ ဗဟုသုတနည်းခြင်းတို့ကို လူစည်ကားသောနေရာ၊ အာရုံတစ်ခုစူးစိုက်စရာရှိသောအချိန်တို့ကို အသုံးချ၍ ဆွဲကြိုးကို ရယူသွားခြင်းဖြစ်ပါသည်။

မိခင်ကြီးပြောပြခဲ့သော ဆွဲကြိုးပျောက်သည့် ဖြစ်ရပ်မှန်ဇာတ်လမ်းအား ပြန်လည်သတိရရင်း မိသားစုနှင့် ဆက်သွယ်ခဲ့ရပုံလေးများကို ပြန်ပြောင်းသတိရမိပါသည်။ ယခင့်ယခင်ကဆိုပါလျှင် ကျွန်တော်က ရွာကို စွန့်ခွာပြီး ရပ်ဝေးဒေသတွေမှာ တာဝန်ထမ်းဆောင်နေစဉ်၌ သာကြောင်း မာကြောင်း သိရဖို့အတွက် စာတိုက်ကနေ စာထည့်ရသည်။ ထည့်လိုက်သည့်စာ ရွာရောက်ဖို့အရေး ရက်ပေါင်းများစွာကြာမှ ရွာကို စာရောက်၏။ ထိုအချိန်မှ သာကြောင်း မာကြောင်း သိရ၏။ ရွာက စာပြန်ထည့်တော့လည်း ကျွန်တော့်ဆီ တော်တော်နဲ့မရောက်။ ဩော် တစ်ခေတ်တစ်ခါက အဖြစ်အပျက်တွေကို စဉ်းစားရင်း ဤသို့ဖြင့် ကွယ်လွန်သွားရှာပြီဖြစ်သော ဖခင်ကြီး၏ မျက်နှာကို ပြန်လည်မြင်ယောင်ပြီး မျက်ရည်ပင် လည်မိပါသည်။

ယခုလည်း ကျွန်တော် မျက်ရည်လည်မိပြန်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဘယ်အချိန်ပဲဖြစ်ဖြစ်၊ ဘယ်နေရာပဲရောက်ရောက် အောက်မေ့တိုင်း၊ နေ့နေ့ညညသတိရတိုင်း မိခင်အိုကြီးကို အချိန်မရွေး အနားနားကပ်ပြီး ပြောရသလို ဖုန်းပြောနိုင်၍ မျက်ရည်လည်ရခြင်းဖြစ်ပါသည်။ (ယခုကဲ့သို့ မျက်ရည်လည်ရခြင်းအတွက် ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတင်ပါသည်ခင်ဗျာ)

ဟုတ်ပါသည်။ ကျွန်တော် တာဝန်ထမ်းဆောင်နေသော နေရာနှင့် လွန်စွာမှ ဝေးကွာသော တောအုံကနားမှ မိခင်ကို စကားပြောခွင့်ရသလို ယနေ့အချိန်တွင် အလွယ်တကူဆက်သွယ်၍ရသော ဖုန်းများမှာ တစ်နိုင်ငံလုံး **(မောင်တို့ရွာ တစ်ရွာလုံး အုန်းအုန်းထလို့ပျော်)** လို့ပင် **ဆိုရမလောက် သုံးနေကြပြီဖြစ်ပါသည်။ ကောက်စိုက်သွားလည်း ဖုန်းနှင့်၊ နွားကျောင်းသွားလည်း ဖုန်းနှင့် ပနံသင့်လို့နေကြပါပြီ။ ယခုကဲ့သို့ ဖုန်းများ ပေါများလာခြင်းနှင့်အတူ ဖုန်းနှင့်ဆက်သွယ်ပတ်သက်သော မှုခင်းများလည်း ဖြစ်ပေါ်လျက်ရှိပါသည်။ ဖုန်းအချင်းချင်း မှားယွင်းဆက်မိရာမှ ဖုန်းထဲတွင် အသိအကျွမ်းဖြစ်ကာ လူမှုရေးဖောက်ပြန်သော ဖြစ်စဉ်များ (အချို့ လူသတ်မှုအထိဖြစ်ပွားခဲ့ခြင်းဖြစ်ပါသည်)ဟန်းဆက်ထဲ ထည့်ထားသော ညစ်ညမ်းဇာတ်လမ်းများကိုကြည့်ပြီး မတော်မတရားပြုကျင့်သော ဖြစ်စဉ်များ ရှိခဲ့ပါသည်။ ထိုထက်ဆိုးသည်မှာ** လက်ကိုင်ဖုန်းမှတစ်ဆင့် မဟုတ်မမှန်သော ကောလာဟလများချဲ့ကား၍ ကြီးမားသော ပဋိပက္ခများအထိ ရှိခဲ့ပါသည်။

လက်ကိုင်ဖုန်းနှင့်ပတ်သက်၍ ဖြစ်စဉ်တစ်ခုကိုလည်း တင်ပြလိုပါသည်။ ယခုတင်ပြမည်ဖြစ်သော ဖြစ်ရပ်မှာ အမှန်တကယ်ဖြစ်ခဲ့သော ဖြစ်ရပ်မှန်တစ်ခုဖြစ်ပြီး ဖြစ်လာနိုင်ခြေရှိသော အခြေအနေတို့ကိုပေါင်းစပ်ကာ တင်ပြမည်ဖြစ်ပါသည်။ အမည်နာမ၊ နေရာဒေသနှင့် ဌာန၊ ကုမ္ပဏီများမှာ စာဖတ်သူများ ဖတ်ရလွယ်ကူစေရန် ဥပမာတည့်၍ ပေးထားခြင်းဖြစ်ပါသည်။

တစ်နေ့. . .

တိုင်းဒေသကြီးတစ်ခုရှိ ရွာတစ်ရွာမှ ကိုသောင်းထံသို့ ဖုန်းဝင်လာသည်။ ကိုသောင်းက ဖုန်းဝယ်ထားတာ ဘာမျှမကြာသေး။ ဖုန်းကိုဖွင့်ကိုင်လိုက်တော့ တစ်ဖက်က ဒီဖုန်းက (၀၉---)လားဟုမေးသည်။ ကိုသောင်းက ဟုတ်မှန်ကြောင်း ဖြေသည်။ တစ်ဖက်က ကိုသောင်းနာမည်နှင့် လိပ်စာကို မေးပြန်သည်။ ကိုသောင်းက နာမည်နှင့် လိပ်စာပြောလိုက်သည်။ ထိုအခါ တစ်ဖက်ဖုန်းက ကိုသောင်းနှင့် ခုလိုကိုယ်တိုင်တွေ့ရတာ ဝမ်းသာကြောင်း၊ ကိုသောင်းကံစမ်းမဲပေါက်ကြောင်း၊ အဲဒီကံစမ်းမဲက သူတို့ (ဝန်ကြီးဌာန/ကုမ္ပဏီ/လုပ်ငန်း)ရဲ့ အရောင်းမြှင့်တင်ရေးနှင့် ဖုန်းသုံးစွဲသူတွေကို ကျေးဇူးတုံ့ပြန်သောအနေဖြင့်လည်းကောင်း၊ တစ်နည်းအားဖြင့် ကြော်ငြာကုန်ကျစရိတ်ထဲမှ သီးသန့်ဖယ်ထုတ်၍ ကံစမ်းမဲပေးခြင်းဖြစ်ကြောင်း ပြောသည်။ ဆက်၍ ထိုကံစမ်းမဲမှာ ဖုန်းအလုံးပေါင်းများစွာထဲက ကိုသောင်း၏ ဖုန်းနံပါတ်မှာ ထူးထူးခြားခြားမဲပေါက်ခြင်းဖြစ်ကြောင်း၊ ရရှိမည့် ကံစမ်းမဲဆုငွေမှာလည်း ကျပ်သိန်း ၅၀ ဖြစ်ကြောင်း၊ သို့သော် ထိုငွေကို ရက်အကန့်အသတ်နဲ့ ထုတ်ရမည်ဖြစ်ကြောင်း၊ ကိုသောင်းအနေဖြင့် ကိုယ်တိုင်လာရောက်ဖို့ အခက်အခဲရှိမှာဖြစ်ကြောင်း၊ ထိုငွေကို အချိန်မီလွယ်လွယ်ကူကူထုတ်ယူနိုင်ဖို့ အခုဖုန်းဆက်တဲ့သူက ကူညီမှာဖြစ်ကြောင်း၊ သူကလည်း အဲဒီဌာန/ ကုမ္ပဏီ/ လုပ်ငန်းရဲ့ မန်နေဂျာလက်အောက်က တာဝန်ရှိတဲ့အရာရှိဖြစ်ကြောင်း၊ ဆုကြေးငွေ သိန်း ၅၀ ထုတ်ရန်၊ ဆုကြေးငွေကို (---)ဘဏ်မှ လွှဲပို့ရန် စာရွက်စာတန်းကြေး ငွေထုတ်ရာတွင် ရရှိကြောင်း လက်မှတ်ကို သက်သေခံမည့် သူနှစ်ဦးအတွက် လက်ဖက်ရည်ဖိုး၊ ဘဏ်သွားဖို့ တက္ကစီ ငှားခ၊ အထွေထွေစုစုပေါင်း ကုန်ကျစရိတ် (ငါးသိန်းနှစ်သောင်းနှစ်ထောင့်ငါးရာ)ကျမည်။ ထိုငွေကို ဒီနေ့(---)ဘဏ်ကို ဦး(---)နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်(---)နဲ့ ပို့ပေးပါ။ ပို့ပေးပြီး ဘဏ်မှာပဲ ခဏစောင့်၊ နာရီပိုင်းအတွင်း ဆုမဲကြေးငွေ သိန်းငါးဆယ်တစ်ခါတည်း ပြန်လွှဲပို့ပေးမယ်။ စောင့်ပြီး ထုတ်သွားပါဟု အတိအကျပြောသည်။ ဆက်လက်၍လည်း သူတို့ ဌာန/ကုမ္ပဏီ/ လုပ်ငန်းက ကံစမ်းမဲကို ပြီးခဲ့သည့် ဇူလိုင်၊ ဩဂုတ်လများတွင် နှစ်ကြိမ်ဖောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယခုကိုသောင်းပေါက်သောဆုမဲမှာ ယခုနှစ်အတွက် တတိယအကြိမ်နှင့် နောက်ဆုံးအကြိမ်ဖြစ်ကြောင်း ပြောပြသည်။ ထို့နောက် ပထမအကြိမ်နှင့် ဒုတိယအကြိမ် ဆုမဲပေါက်ခဲ့သော အမည်လိပ်စာနှင့် ဖုန်းနံပါတ်များကို ပေးသည်။

ကိုသောင်းလည်း စာရွက်နှင့်ဘောပင်ကို အမြန်ယူကာ ဖုန်းနံပါတ်များ မှတ်သည်။ ပြီးတော့ တစ်ဖက်ဖုန်းမှ ကိုသောင်းကို အခြားလိုအပ်သည်များ အကွက်စေ့စေ့မှာကြားကာ ဖုန်းပိတ်သွားသည်။ ကိုသောင်းလည်း သူ့ကိုပေးထားသော ဖုန်းများသို့ဆက်ကြည့်သည်။ ထိုဖုန်းများမှာလည်း သူတို့ပြီးခဲ့သောလများက ဆုမဲပေါက်၍ ထုတ်ပြီးကြောင်း၊ နေ့ချင်းပြီးထုတ်ယူတာကောင်းကြောင်း၊ မှတ်ပုံတင်မေ့မကျန်ခဲ့ဖို့အကြောင်းများ၊ သူတို့လည်း ယခုပေါက်သောဆုမဲကြောင့် အတော်လေး အဆင်ပြေနေသည်ဖြစ်ကြောင်း အသီးသီးပြောကြားသည်။

ကိုသောင်းလည်း ဖုန်းများပြောပြီးသည့်အခါ အချိန်ဆွဲမနေတော့ဘဲ ဆိုင်ကယ်ဖြင့် မြို့ပေါ်သို့တက်ကာ ဆက်သွယ်ထားသော လိပ်စာအတိုင်း ငွေငါးသိန်းနှစ်သောင်းနှစ်ထောင့်ငါးရာကို လွှဲလိုက်လေတော့၏။

ငွေလွှဲပြီး လက်ဖက်ရည်ဆိုင်တွင် ထိုင်၏။ ခဏကြာတော့ သူ့နာမည်နဲ့ ငွေသိန်းငါးဆယ်ရောက်၊ မရောက်မေးသည်။ ဘဏ်က စာရေးမလေးက မှတ်ပုံတင်နံပါတ်နှင့်တိုက်၍ ရှာပေးသည်။ မရောက်သေး၊ လက်ဖက်ရည်ဆိုင်ပြန်ထိုင်သည်။ ခဏကြာတော့ သွားမေးပြန်သည်။ မရောက်သေးပါ။ ဤသို့ဖြင့် ဘဏ်ပိတ်ချိန်သာ ရောက်သွားသည်။ ကိုသောင်းနာမည်နဲ့ ငွေကတော့ ရောက်မလာခဲ့ပါ။ ကိုသောင်းတစ်ယောက် ခေါင်းငိုက်စိုက်ချကာ အိမ်သို့ ပြန်ခဲ့ရပါသည်။ နောက်ရက် နောက်ရက်များတွင်လည်း ဘဏ်ဖုန်းနံပါတ်ဖြင့် မကြာခဏဆက်ကြည့်သော်လည်း ကိုသောင်းနာမည်နှင့် ငွေရောက်မလာပါ။ သူ့ထံဆက်သွယ်ခဲ့သော ဖုန်းများလည်း ဆက်သွယ်မှုဧရိယာပြင်ပသို့ ရောက်သွားလေပြီ။ ကိုသောင်း ဒေါသလည်းထွက်။ ရှက်လည်း ရှက်၍ ဤကိစ္စအား မည်သူ့ကိုမျှ ပြောမပြဖြစ်ခဲ့ပါ။

အဖြစ်ကတော့ ဒါပဲဖြစ်ပါသည်။ ရိုးသားသော၊ ရှက်တတ်သော၊ ကြောက်တတ်သော၊ ဗဟုသုတနည်းသော အချက်များပေါ်တွင် အခြေခံ၍ ဌာနဆိုင်ရာ၊ ကုမ္ပဏီများ၏ အမည်နာမကို ခုတုံးလုပ်အသုံးချပြီး ပြစ်မှုတစ်ခုကျူးလွန်သွားခြင်းဖြစ်ပါ၏။ ရွှေဆွဲကြိုး အလိမ်ခံလိုက်ရသော ကလေးကတော့ ခြိမ်းခြောက်မှုကြောင့် သေရမှာကြောက်၍ မပြောခဲ့ပါ။ ငွေအလိမ်ခံလိုက်ရသော ကိုသောင်းကတော့ ရှက်၍ မပြောခဲ့ပါ။ လိမ်သူကတော့ အကွက်ကျကျ ထောင့်စေ့စေ့ဖြင့် ဆုမဲများ ပေါက်သည်ဟု ညွှန်ပြခဲ့သော အလံရှူးများ၊ ဒလန်များကိုအားဖြည့်၍ ပီပီပြင်ပြင်လှည့်ကွက်ဆင်သွားခြင်းဖြစ်ပါ၏။

ပြစ်မှုတစ်ခုဖြစ်ပွားလာလျှင် ရှက်မနေဘဲ၊ ကြောက်မနေဘဲ သက်ဆိုင်ရာသို့ အမြန်အကူအညီတောင်းကာ ဝိုင်းဝန်းစုပေါင်း ဖော်ထုတ်ကြရန် လိုအပ်ပါသည်။ အထက်ပါဖြစ်စဉ်တွင် အချိန်မီအကြောင်းကြားပါက ဖုန်းနံပါတ်၊ နိုင်ငံသားစိစစ်ရေးကတ်များမှ သဲလွန်စလိုက်၍ ဖော်ထုတ်နိုင်ပါသည်။ (နောက်ကျမှ အကြောင်းကြားခဲ့သော် ပြစ်မှုကျူးလွန်သူမှ အဝေးသို့ ထွက်ပြေးတိမ်းရှောင်ချိန်ရသွားမည်ဖြစ်ပါသည်)

ရိုးသားသော ကျေးလက်နေ ပြည်သူများအား ယနေ့အထိ ရွှေထုပ်ချ လိမ်သောအမှုများ နေရာအချို့တွင် ရှိနေသေးပါသဖြင့် ယခုကဲ့သို့ ဖုန်းများ ပုံအောသုံးနေကြချိန်၌ အလားတူ အလိမ်ခံရမှုများ ထပ်မံမဖြစ်ပွားကြစေရန်နှင့် ကောလာဟလများကြောင့် မလိုလားအပ်သော ပြဿနာများ မဖြစ်ပွားကြစေရန် ဗဟုသုတရရှိစေသော စာအုပ်စာပေသတင်းများ ဖတ်ကြဖို့အရေး တိုက်တွန်းရေးသားလိုက်ရပါသည်။ ။




အမှတ် F 2~6 ပထမထပ်၊အောင်ဆန်းကွင်းမြောက်ဘက်တန်း(ဖ.ဆ.ပ.လ ရှေ့)မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့။ Yangon - 09 73084840 , 09-73084841 Naypyitaw - 09 73177100

လွှတ်တော်ရေးရာ

ပြည်သူ့လွှတ်တော်အစည်းအဝေး

# လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များအား ဒေသပေါက်ဈေး၏ (၅၀)ရာခိုင်နှုန်း (သို့မဟုတ်) ၎င်းတန်ဖိုးထက် မနည်းသောဒဏ်ကြေးကို သတ်မှတ်ကောက်ခံမည်

**နေပြည်တော် စက်တင်ဘာ ၁၆**

မြန်မာနိုင်ငံအတွင်းရောက်ရှိနေသော မှတ်ပုံတင်မဲ့မော်တော်ဆိုင်ကယ်များအား One Stop Service စနစ်ဖြင့် ၁၉၉၉ ခုနှစ်မှစတင်၍ ၂၀၁၄ ခုနှစ် ဇူလိုင်လအထိ (၉)ကြိမ် မှတ်ပုံတင်ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါကြောင်းဖြင့် ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးချန်မောင်က ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအောင်မြင့်သိန်း၏ **လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် ပတ်သက်၍ မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိလိုသည်** မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီးက တရားမဝင်ရောက်ရှိနေသည့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များအား One Stop Service စီမံချက်ဖြင့် ထပ်မံ၍ ဆောင်ရွက်ပေးခြင်းမပြုတော့ဘဲ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များအား အရေးယူဆောင်ရွက်ခြင်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ တိုက်ရိုက်တာဝန်ယူ ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ပြီး လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များအား ဒေသပေါက်ဈေး၏ (၅၀)ရာခိုင်နှုန်း (သို့မဟုတ်) ၎င်းတန်ဖိုးထက် မနည်းသောဒဏ်ကြေးကို သက်ဆိုင်ရာအစိုးရအဖွဲ့၏ဆုံးဖြတ်ချက်ဖြင့် သတ်မှတ်ကောက်ခံမည်ဖြစ်ပါကြောင်း၊ သတ်မှတ်ဒဏ်ကြေးပေးသွင်းပါက ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများမှ မှတ်ပုံတင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ သတ်မှတ်ဒဏ်ကြေးပေးသွင်းခြင်းမပြုလျှင် သိမ်းဆည်း၍ အန္တရာယ်ကင်းရှင်းစွာမောင်းနှင်နိုင်သည့်အခြေအနေရှိလျှင် အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချသွားမှာဖြစ်ပါကြောင်း။

မော်တော်ဆိုင်ကယ်အုပ်စုအဖြစ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သတ်မှတ်ကောက်ခံသည့် ငွေပမာဏများသည် တူညီသော်လည်း လျှပ်စစ်ဆိုင်ကယ်အား သက်တမ်း(၄)နှစ်၊ ရိုးရိုးမော်တော်ဆိုင်ကယ်အား သက်တမ်း(၂)နှစ် ခွဲခြားသတ်မှတ်ပေးထားသဖြင့် လျှပ်စစ်ဆိုင်ကယ်များ၏ နှစ်လဲမှတ်ပုံတင်ခနှုန်းထားများသည် ရိုးရိုးမော်တော်ဆိုင်ကယ်၏ ထက်ဝက်မျှသာ ဖြစ်သည့်အတွက် သက်သာမှုရှိပါကြောင်း။

ပြည်သူများဈေးနှုန်းသက်သာစွာဝယ်ယူသုံးစွဲနိုင်ရေးအတွက် မော်တော်ဆိုင်ကယ်များကို သွင်းကုန်လိုင်စင်ရရှိသော ကုမ္ပဏီများမှ ပင်လယ်ရေကြောင်းအပြင် နယ်စပ်ဝင်ပေါက်များမှ တရားဝင်တင်သွင်းခွင့်ပြုထားပါကြောင်း၊ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တရားဝင်တင်သွင်းမှုများရှိသကဲ့သို့ ကုန်သွယ်မှုစခန်းများအား ရှောင်ကွင်း၍ တောလမ်းများမှ တင်သွင်းခြင်း၊ တရားမဝင်လမ်းကြောင်းများမှ တင်သွင်းခြင်းများကြောင့် လိုင်စင်မဲ့ဆိုင်ကယ်များရောက်ရှိနေပြီး ပြည်သူများ ဝယ်ယူသုံးစွဲနေခြင်းဖြစ်ပါကြောင်း။

တရားမဝင်တင်သွင်းလာသော လိုင်စင်မဲ့ မော်တော်ယာဉ်များအား ဖမ်းဆီးအရေးယူပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ပြန်လည်ပေးအပ်ပိုင်ခွင့်



ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးချန်မောင်။



ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအောင်မြင့်သိန်း။

မရှိပါကြောင်း၊ ၂၀၁၂ ခုနှစ် ပို့ကုန်/သွင်းကုန် ဥပဒေအရသာ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များအား စစ်ဆေးတွေ့ရှိပါက ပို့ကုန်/သွင်းကုန် ဥပဒေအရ သိမ်းဆည်း၍ အမှုဖွင့်အရေးယူပြီး သက်ဆိုင်ရာတရားရုံးသို့ တရားစွဲတင်ပို့ရပါကြောင်း၊ အဆိုပါ သက်သေခံမော်တော်ဆိုင်ကယ်များအား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မအရ တရားရုံးများမှ စီမံခန့်ခွဲ၍ အိတ်ဖွင့်တင်ဒါဖြင့် လေလံတင်ရောင်းချခြင်းပြုပါက ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ရပါကြောင်း၊ လေလံတင်ရောင်းချမှုမပြုသော မော်တော်ဆိုင်ကယ်များကို သက်ဆိုင်ရာဌာနသို့ လွှဲပြောင်းပေးပို့ ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

စက်မှုဝန်ကြီးဌာနနှင့်သက်ဆိုင်သည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ မေးခွန်းများအပေါ် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလှကျော်၏ **လင်းခေးမြို့နယ်တွင် စက်မှုဝန်ကြီးဌာနအောက်ရှိ ဗားဂျီးနီးယားဆေးလုပ်ငန်းမှ တာဝန်ယူဆောင်ရွက်ခဲ့သော ဆေးပေါင်းစခန်းနေရာများအား မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် သက်ဆိုင်ရာ အဖွဲ့အစည်းများသို့ လွှဲအပ်ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ၂၀၀၉ ခုနှစ် ဇန်နဝါရီတွင် ကျင်းပသော ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ (၁/၂၀၀၉) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ဗားဂျီးနီးယားဆေးပေါင်းစခန်းများအား လွှဲပြောင်းရောင်းချရန် ခွင့်ပြုခဲ့ရာ ဗားဂျီးနီးယားပေါင်းဆေးထုတ်လုပ်သည့် မန္တလေးကုန်ထုတ်ဌာနခွဲနှင့် ၎င်းလက်အောက်ရှိ ဆေးပေါင်းစခန်းများနှင့် အခြောက်ခံစက်များအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်သို့ အပြီးလွှဲပြောင်းပေးခဲ့ပြီးဖြစ်ပါကြောင်း။

သို့ဖြစ်၍ လင်းခေးမြို့နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ဆေးပေါင်းစခန်းများအား သက်ဆိုင်ရာမြို့နယ် အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့အစည်းများသို့ လွှဲအပ်ရန် စွန့်လွှတ်ပေးရေးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်နှင့်သာ သက်ဆိုင်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ရွှေတောင်မဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်အေးမြင့်၏ **ရွှေတောင်မြို့ ချည်မှျင်နှင့် အထည်စက်ရုံမှ ပိုလျှံသိမ်းဆည်းမြေများကို ထပ်မံစွန့်လွှတ်ပေးရန် အစီအစဉ်ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စက်ရုံမှ သိမ်းယူခဲ့သော မြေ ၇၀၁ ဒသမ ၂၇ ဧကအနက် စက်ရုံအဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများနှင့် အခြားလိုအပ်သော အဆောက်အအုံများ ဆောက်လုပ်ခဲ့သည့် မြေမှာ ၅၇၂ ဒသမ ၂၃ ဧကရှိပြီး ကျန်မြေ ၁၂၉ ဒသမ ၀၄ ဧကတွင် သရက်တောရပ်ကွက်မှ လယ်မြေ ၁၁ ဒသမ ၅ ဧက၊ ဆည်ကြီးကုန်းအုပ်စုမှ လယ်မြေ (၂၇) ဧက၊ နွားမယံကျေးရွာအုပ်စုမှ လယ်မြေ ၄၀ ဒသမ ၅ ဧကနှင့် ဝန်ထမ်းရပ်ကွက်အတွင်းနှင့် ဝန်ထမ်းအိမ်ရာ မျက်နှာစာများတွင်ရှိသည့် မြေလွတ် ၅၀ ဒသမ ၀၄ ဧကတို့ ပါဝင်ပါကြောင်း။

သရက်တောရပ်ကွက်မှ လယ်မြေ ၁၁ ဒသမ ၅ ဧကမှာ စက်ရုံနှင့် သက်ဆိုင်သည့် အဆောက်အအုံများနှင့် စက်ရုံထွက်ရေဆိုးများအား အန္တရာယ်မရှိသောရေအဖြစ်သို့ ရောက်ရှိအောင် ဆောင်ရွက်ရာတွင် Waste Water Oxidation ဆောင်ရွက်ရန် စက်ရုံအတွက်လိုအပ်သော အသုံးပြုမြေဖြစ်ပါကြောင်း။

ထိုနည်းတူ ဆည်ကြီးကုန်းကျေးရွာအုပ်စုမှ လယ်မြေ (၂၇) ဧကနှင့် ကပ်လျက်ရှိသော ချောင်းနှင့် မြေလွတ်နေရာများသည် ရေသန့်အဖြစ်သို့ မရောက်သေးသော ရေဆိုးများအား ဗေဒါကန်နှင့် သဘာဝရေမြောင်းများမှ အဆင့်ဆင့်သန့်စင်၍ ဧရာဝတီမြစ်အတွင်း စီးဆင်းစေရန် တစ်ဆင့်ခံဧရိယာအဖြစ် အသုံးပြုသော မြေဖြစ်ပါကြောင်း၊ နွားမယံကျေးရွာမှ လယ်မြေ ၄၅ ဒသမ ၈၉ ဧကသည် အထည်အလိပ် နည်းပညာဖွံ့ဖြိုးရေးသင်တန်းကျောင်း ဆောက်လုပ်ရန် လျာထားသောမြေနေရာဖြစ်သော်လည်း ၎င်းမြေနေရာအနက် လယ်မြေ ၄၀ ဒသမ ၅ ဧကကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ပြန်လည်လွှဲပြောင်းပေးခဲ့ပြီးဖြစ်ပါသဖြင့် ထပ်မံစွန့်လွှတ်ပေးရမည့် မြေနေရာလွတ်မရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ယနေ့အစည်းအဝေးတွင်ပို့ဆောင်ရေးဝန်ကြီးဌာနက **"မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကြမ်း"** ကို တင်သွင်းခဲ့သည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# မဟာဂီတတေးသီချင်းကြီးများနှင့် ပတ်သက်သည့် တေးသီချင်းများကို မြန်မာစာတန်းထိုးဖြင့် ထုတ်လွှင့်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်

**နေပြည်တော် စက်တင်ဘာ ၁၆**

ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့တွင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ ဦးမျိုးမြင့် တင်သွင်းသည့် **စီးပွားရေးဖွံ့ဖြိုးမှု စီမံကိန်းများ အကောင်အထည်ဖော်မှု အစီအစဉ် (Development Project Imple - mentation Schedules) နှင့် စီမံကိန်းခန့်မှန်းခြေစာရင်းများ (Project Estimates) တည်ငြိမ်ရေးအတွက် တာဝန်ယူစစ်ဆေးရသော အဖွဲ့အစည်း၏ စိစစ်ထောက်ခံချက်ဖြင့် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ရယူ လိုက်နာဆောင်ရွက်စေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

အစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)မှ ဦးစောမော်ထွန်း၏ **မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်မှ မဟာဂီတသီချင်းကြီးများကို မြန်မာစာတန်းထိုးများဖြင့် ပြန်လည်ထုတ်လွှင့်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် သီချင်းကြီး (၁၈၅) ပုဒ်၊ (ဂီတဗိမာန်စာပေဆုရ) ရွှေကူနန်းနွဲ့နွဲ့ တင်ဆက်သော "ပီသကြည်မြ မဟာဂီတ"



ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေး။

ခေါင်းစဉ်ဖြင့် သီချင်း (၃၉) ပုဒ်နှင့် အဆိုတော် ဒေါ်သင်းသင်းမြတ် တင်ဆက်ထားသော "ဂီတမဟာပျော်စရာ" ခေါင်းစဉ်ဖြင့် သီချင်း(၂၆) ပုဒ် စုစုပေါင်း အပုဒ်ရေ (၂၅၀) ရှိပါကြောင်း၊ ၎င်းအပြင် ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲတွင် အဆိုမဟာဂီတဆုရရှိသော သီချင်းများကို ထုတ်နုတ်၍ အခုအချိန်အထိ ထုတ်လွှင့်ပြသလျက်ရှိပါကြောင်း၊ ယခင်က သီချင်းကြီးပဒေသာ အစီအစဉ်အဖြစ် အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ညနေ ၅ နာရီခွဲအချိန်တွင် တေးသီချင်း (၂)ပုဒ်အား ၂၀၀၈ ခုနှစ်



မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ ဦးမျိုးမြင့်။

မတ်လကုန်ထိ ထုတ်လွှင့်ပေးခဲ့ပြီး နောက်ပိုင်းတွင် အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ညနေ ၅ နာရီတွင် တေးသီချင်း (၁)ပုဒ်အား ဆက်လက်ထုတ်လွှင့်ပေးလျက်ရှိပါကြောင်း။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြင်ပမှ ရိုက်ကူးပေးပို့လာသော "ပီသကြည်မြ မဟာဂီတ" နှင့် "ဂီတမဟာပျော်စရာ" အစီအစဉ်တို့အား ၂၀၁၁ ခုနှစ် နိုဝင်ဘာလမှ စတင်၍ တစ်ပတ်လျှင် တစ်ကြိမ် တစ်လှည့်စီတေးသီချင်း (၂)ပုဒ်၊ (၃) ပုဒ်တို့အား အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ညနေ ၅ နာရီတွင် ထုတ်လွှင့်ပေးလျက်ရှိပါကြောင်း၊ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလမှစတင်ကာ သီချင်းကြီးမဟာဂီတအစီအစဉ်ကို နံနက်ပိုင်းတွင် ထုတ်လွှင့်၍ ညနေပိုင်းတွင် "ပီသကြည်မြမဟာဂီတ" နှင့် "ဂီတမဟာပျော်စရာ"အစီအစဉ်တို့ကို တစ်ပတ်လျှင်တစ်ကြိမ် တစ်လှည့်စီ ဗုဒ္ဓဟူးနေ့တိုင်း ထုတ်လွှင့်ပေးနေသည်မှာ ယခုအချိန်ထိ ဖြစ်ပါကြောင်း။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်တွင် သီချင်းကြီးများကို (သမားစဉ်) အတိုင်း ထည့်သွင်းထုတ်လွှင့်ပါကြောင်း၊ (သီချင်းခန့်၊ ဘွဲ့၊ ကြိုး၊ ပတ်ပျိုး၊ ယိုးဒယား၊ မွန်၊ သံဆန်း၊ဒိုင်း၊ မြင်းခင်း၊ တေးထပ်၊ ဘောလယ်၊ လေတော်သံ၊ ရကင်းသံ) များကိုလည်း အစီအစဉ်အတိုင်း ထည့်သွင်းထားပါကြောင်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ဘုတ်အဖွဲ့ပညာရှင်ကြီးများနှင့် ဆက်သွယ်၍ မဟာဂီတတေးသီချင်းများကို ရိုက်ကူးခဲ့ပါကြောင်း၊ ထိုသို့ ရိုက်ကူးရာတွင် တေးသီချင်း သီဆိုသူများမှာ အသက်အရွယ်ကြီးရင့်၍ တေးသီချင်းစာသားစကားလုံးပီသမှုမရှိခြင်း၊ အသံအဆွဲအငင် မရရှိခြင်းတို့ကြောင့် ဘုတ်အဖွဲ့ပညာရှင်ကြီးများ၏ အကဲဖြတ်ဆုံးဖြတ်ချက်ပေးသည့် စီမံသောတေးသီချင်းများကိုသာ ရိုက်ကူးထုတ်လွှင့်ပေးခဲ့ပါကြောင်း၊ ၎င်းအပြင် မြန်မာနိုင်ငံ ဂီတအစည်းအရုံးနှင့် ပူးပေါင်း၍ ရိုက်ကူးထုတ်လုပ်လျက်ရှိပါကြောင်း၊ နောက်ပိုင်းတွင် တေးသီချင်းကြီးများထုတ်လွှင့်ရာတွင် မြန်မာစာတန်းထိုး၍ ထုတ်လွှင့်ပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ယခုလက်ရှိအချိန်အထိ သီချင်းကြီးအစီအစဉ်များနှင့် "ပီသကြည်မြမဟာဂီတ"၊ "ဂီတမဟာပျော်စရာ"နှင့် ဆို၊ က၊ ရေး၊ တီးမှ သီချင်းကြီးမဟာဂီတသီချင်းများကို ထုတ်နုတ်၍ အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်းနှင့် အခြားအလျဉ်းသင့်သည့် နေ့ရက်များတွင် ထုတ်လွှင့်ပေးလျက်ရှိပါကြောင်း၊ မဟာဂီတတေးသီချင်းကြီးများနှင့် ပတ်သက်သည့် တေးသီချင်းများကို ပိုမိုဖော်ထုတ်တင်ဆက်နိုင်ရေးနှင့် မြန်မာစာတန်းထိုးဖြင့် ထုတ်လွှင့်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ကယားပြည်နယ်မဲဆန္ဒနယ် အမှတ် (၁၁)မှ ဦးလှမောင်၏ **"ဖားဆောင်းမြို့နယ် မော်ချီးကျေးရွာအုပ်စု မော်ချီးတွင် WCDMA, CDMA-450 MHz, CDMA-800 MHz, GSM တာဝါတိုင် စိုက်ထူပေးရန် အစီအစဉ်ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းတင်က ကယားပြည်နယ်အတွင်း လွိုင်ကော်၊ ဒီမောဆိုးမြို့နယ်များတွင် ရေဒီယိုစခန်းပေါင်း (၅)ခု တည်ဆောက်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ GSM စခန်း (၃)ခု၊ WCDMA စခန်း (၂)ခု၊ CDMA-450 MHz စခန်း (၃)ခု တပ်ဆင်ဖွင့်လှစ်ထားရှိပါကြောင်း၊ မိုဘိုင်းရေဒီယိုစခန်းများအား လွိုင်ကော်မြို့နယ်တွင် (၂)ခု၊ မယ်စဲ့မြို့နယ်တွင် (၁)ခု၊ ဒီမောဆိုးမြို့နယ်တွင် (၁)ခု၊ ဖရူဆိုမြို့နယ်တွင် (၁)ခု၊ ဘော်လခဲမြို့နယ်တွင် (၁)ခု၊ ဖားဆောင်းမြို့နယ်တွင် (၁)ခု စုစုပေါင်း စခန်း(၇)ခု ထပ်မံတည်ဆောက်လျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ကုန်တွင် ပြီးစီးမည်ဖြစ်ပါကြောင်း၊ လောလောဆယ်တွင် Transmission အခက်အခဲရှိပါသဖြင့် တာဝါတိုင် စိုက်ထူပေးရန် ဆောင်ရွက်နိုင်ခြင်း မရှိသေးပါကြောင်းဖြင့်ဖြေကြားသည်။ **(သတင်းစဉ်)**

## ပြည်တွင်းရေးရာ

# ၂၀၁၄ ခုနှစ် စက်တင်ဘာ ၈ ရက်မှ ၁၄ ရက်အထိ တစ်ပတ်အတွင်း မူးယစ်ဆေးဝါးသိမ်းဆည်းရမိမှု

**နေပြည်တော် စက်တင်ဘာ ၁၆**

စက်တင်ဘာ ၈ ရက်မှ ၁၄ ရက်အထိ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ ဘိန်း ၁၁ မှု(အလေးချိန် ၁၂၅ ဒသမ ၈၂၈၁ ကီလို)၊ ဘိန်းဖြူ ၅၂ မှု (အလေးချိန် ၈ ဒသမ ၄၈၈၉ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၅ မှု (ဆေးပြားအရေအတွက် ၉၂၉၂၄ပြား)၊ ဆေးခြောက် ခြောက်မှု (အလေးချိန် သုည ဒသမ ၁၂၂၅ ကီလို)၊ အဆင့်နိမ့်ဘိန်း ငါးမှု (အလေးချိန် သုည ဒသမ ၁၉၂၈ ကီလို)၊ ဘိန်းဆီခဲ သုံးမှု (အလေးချိန် သုည ဒသမ ၁၃၉၈ ကီလို)၊ စိတ်ကြွဆေးပြား အကြေမှုန့် တစ်မှု(အလေးချိန် သုည ဒသမ ၆၈၁ ကီလို)၊ ဘိန်းဆီရည် သုည ဒသမ ၀၄ လီတာ၊ ထရာမဒေါလ် ၇၀ တောင့် ပျက် ရှစ်မှု၊ အခြားအမှု သုံးမှု အမှုပေါင်း ၁၄၄ မှု ဖမ်းဆီးခဲ့ရာတွင် အမျိုးသားတရားခံ ၁၈၄ ဦး၊ အမျိုးသမီးတရားခံ ၃၁ ဦး စုစုပေါင်းတရားခံ ၂၁၅ ဦးတို့အား ဥပဒေအရ အရေးယူနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စဥ့်ကိုင်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၂၆၀၊ ဘိန်းဆီခဲ ၂၂ ဂရမ်နှင့် ခတ်ခူး ငါးဂရမ် သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၁၆**

မူးယစ်တပ်ဖွဲ့စု(၁၀၃)နေပြည်တော် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၄ ရက်က စဥ့်ကိုင်မြို့နယ် ဆည်ရွာနေ ဟော်ကြားချီနှင့်နေမျိုးထက်(ခ)ဒီးဒီးတို့၏ နေအိမ်အား ရှာဖွေ ရာ ၎င်းတို့နှင့်အတူ အောင်ဝင်း(ခ)ရှန်တားယွင်နှင့် အောင်မြတ်ထွန်းတို့အားတွေ့ရှိပြီး ဟော်ကြားချီနှင့် နေမျိုးထက်တို့၏ အိပ်ရာနှစ်ခုကြားမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၀ ပြား၊ ဘိန်းဆီခဲ ၂၂ ဂရမ်၊ ခတ်ခူး ငါးဂရမ် တို့ကို သိမ်းဆည်းရမိသဖြင့် ဟော်ကြားချီ (၄၄)နှစ်၊ နေမျိုးထက်(ခ)ဒီးဒီး(၃၇)နှစ်၊ အောင်ဝင်း(ခ)ရှန်တားယွင်(၂၀)နှစ်၊ အောင်မြတ်ထွန်း(၃၅)နှစ်တို့လေးဦးအား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်းသတင်းရရှိသည်။**(ရဲပြန်ကြား)**

# မြဝတီမြို့၌ ချိန်ကိုက်မိုင်းတစ်လုံး ထပ်မံတွေ့ရှိ၍ တာဝန်ရှိသူများက အသက်မဲ့ပြုလုပ်ခဲ့

**မြဝတီ စက်တင်ဘာ ၁၆**



ဓာတ်ပုံ - ၅၇၀

မြဝတီမြို့ အမှတ်(၄)ရပ်ကွက် ဦးအောင်ဇေယျလမ်းဘေးတွင် ယနေ့ နံနက်ပိုင်းက ချိန်ကိုက်မိုင်း တစ်လုံး တွေ့ရှိရသဖြင့် အသက်မဲ့ ပြုလုပ်ခဲ့ကြောင်း သိရသည်။**(ယာပုံ)**

မြဝတီမြို့ မြန်မာ့စီးပွားရေးဘဏ်နှင့် မြို့နယ်တရားရုံးရှေ့ ခြံစည်းရိုးဘေး လမ်းထောင့်၌ နံနက် ၈ နာရီ ၄၅ မိနစ်ခန့်တွင် ဈေးသည်တစ်ဦးက အဆိုပါဗုံးကို တွေ့ရှိပြီး သက်ဆိုင်ရာသို့ ဆက်လက်သတင်းပို့ခဲ့သဖြင့် တာဝန်ရှိသူများက နံနက် ၉ နာရီခန့်တွင် အသက်မဲ့ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယနေ့ အသက်မဲ့ပြုလုပ်ခဲ့သော ချိန်ကိုက်မိုင်းကို မွန်းတည့် ၁၂ နာရီတိတိတွင် ပေါက်ကွဲစေရန် ပြုလုပ်ထားခဲ့ကြောင်း သိရသည်။

ယမန်နေ့ နံနက်ပိုင်းက မြန်မာ-ထိုင်းချစ်ကြည်ရေးတံတား ယာဘက်အောက် ကားပတ်လမ်းပေါ်တွင် ချိန်ကိုက်မိုင်းတစ်လုံးတွေ့ရှိခဲ့ပြီး ယခု ဒုတိယအကြိမ် ထပ်မံတွေ့ရှိခြင်းဖြစ်ကြောင်း၊ ယနေ့တွေ့ရှိရသည့် ပင်မယမ်းအုံမှာလည်း ယမန်နေ့က တွေ့ရှိခဲ့သည့်ပုံစံအတိုင်း အရှည် ခြောက်လက်မ၊ အချင်းနှစ်လက်မခန့်ရှိ သံပိုက်လုံးဖြင့် ပြုလုပ်ထားခြင်းဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရပ်စောက်မြို့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၉၇၃ ပြား သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၁၆။** ။ ရပ်စောက်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၃ ရက်က ရပ်စောက်မြို့ ဗထူးရပ်ကွက် တပ်နယ်ဈေးရှိ "ပီနန်း" စာရေးကိရိယာနှင့်အပ်ချုပ်ဆိုင်အား သတင်းအရရှာဖွေရာ သူရိန်ဝင်းနှင့် ၎င်း၏ဇနီး အေးစန္ဒာနွယ်တို့အားတွေ့ရပြီး အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၆၁ ပြား သိမ်းဆည်းရမိသဖြင့် သူရိန်ဝင်း(၂၄)နှစ်နှင့် အေးစန္ဒာနွယ်(၂၂)နှစ်တို့ နှစ်ဦးအား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

ဆက်လက်၍ ရပ်စောက်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၃ ရက်က ရပ်စောက်မြို့ ဗထူးရပ်ကွက် ဗထူးတပ်နယ်ရှိ ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်ဆွယ် ဝန်ထမ်းလိုင်းခန်းနေ ရဲဇော်ချစ်၏နေအိမ်အား သတင်းအရ ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၁၂ ပြား သိမ်းဆည်းရမိသဖြင့် ရဲဇော်ချစ်(၂၀)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(ရဲပြန်ကြား)**

# ဒိုက်ဦးမြို့၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**ဒိုက်ဦး စက်တင်ဘာ ၁၆**

နှစ်(၅၀)ပြည့်ရွှေရတု မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ရဲတပ်ဖွဲ့ ရဲမှူးအောင်ကိုနှင့်စခန်းမှူး တင်ထွန်းတို့ဦးစီးသော ရဲတပ်ဖွဲ့ဝင် ၄၅ ဦးသည် စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက ဒိုက်ဦးမြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း ပေါင်းမြက်နှင့်ချုံနွယ်များ ရှင်းလင်းခြင်းစုပေါင်းသန့်ရှင်းရေး လုပ်ငန်းများနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(IPRD)**






# အားလပ်ချိန်များကို တန်ဖိုးရှိစေမည့် ကျောင်းကလေး

**နေပြည်တော် စက်တင်ဘာ ၁၆**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် မဟာရတနာသိုက်ချောင်းတပ်ဦးကျောင်း၌ တနင်္ဂနွေ ဓမ္မစကူးလ်ကျောင်းဖွင့်လှစ်ထားသည်။ ပထမတန်းမှ အဋ္ဌမတန်းအထိ ကလေးငယ်ပေါင်း ၉၀ ကျော်ကို ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့်ဟူ၍ခွဲခြားထားပြီး ဗုဒ္ဓဝင်စာပေနှင့် လူမှုကျင့်ဝတ်များ၊ လောကနီတိနှင့် ဗဟုသုတများ သင်ကြားပေးသည်။ ဗုဒ္ဓဝင်ဆိုရာတွင် ဗုဒ္ဓ၏ ဖြစ်တော်စဉ်ကိုသာ သင်ကြားခြင်းမဟုတ်ဘဲ ဗုဒ္ဓ၏ လူမှုဘဝနေထိုင်ရေးအဆုံးအမများကိုသင်ကြားပေးသည့်အတွက်**(အပေါ်ပုံ)**လူမှုပတ်ဝန်းကျင်တွင် ယဉ်ကျေးလိမ္မာပြီး ဉာဏ်အမြော်အမြင်နှင့်ပြည့်စုံသည့် လူတစ်ဦးအဖြစ်လည်းကောင်း၊ ယဉ်ကျေးချိုသာ၍ မှန်မှန်ကန်ကန်ပြောဆိုခြင်း၊ မေတ္တာတရားမုဒိတာပွားခြင်းတို့နှင့် ပြည့်စုံသော လူသားတစ်ဦးအဖြစ်လည်းကောင်း ဘဝနှင့်ကျင့်ကြံနေထိုင်သွားနိုင်မည်ဖြစ်သည်။

ပညာသင်ကြားပေးရာတွင် ကလေးဗဟိုပြုသင်ကြားရေးစနစ်များကို အသုံးပြုသည့်အတွက် ရလဒ်မှာ တစ်စုံတစ်ယောက်ကပေးသောအသိပညာကို လက်ခံရယူရုံသက်သက်မဟုတ်ဘဲ ကလေးတို့ကိုယ်တိုင် လွတ်လပ်စွာတွေးတောကြံဆခွင့်၊ မေးမြန်းဆွေးနွေးခွင့်၊ မေးခွန်းထုတ်ခွင့်၊ စူးစမ်းလေ့လာခွင့်များရရှိ၍ အသိပညာကို ဖြန့်ကြက်တည်ဆောက်သွားနိုင်မည်ဖြစ်သည်။ သင်ကြားချိန်ကို ကလေးစိတ်ပညာရှင်တို့၏ အကြံပြုချက်အတိုင်း မိနစ် ၃၀ သာ သင်၍ ငါးမိနစ်အနားပေးခြင်း၊ အားလပ်ချိန် ကစားခုန်စားခြင်းတို့ဖြင့် ကလေးငယ်ကို အစဉ်လန်းဆန်းနေစေသည်။

အမှိုက်တွေ့လျှင်ကောက်၍ အမှိုက်ပုံးအတွင်းသို့ သွားရောက်စွန့်ပစ်ပေးသော ညီညာစုပေါင်းလုပ်ဆောင်တတ်သော အလေ့အကျင့်ရှိသည့် ထိုကလေးများ ကြီးပြင်းလာသောအခါ အနာဂတ်တွင် သန့်ရှင်းသာယာသော ပတ်ဝန်းကျင်များနှင့် တစ်ပါးသူအပေါ် မကောင်းကြံမှု ကင်းဝေးပြီး ကိုယ်ချင်းစာမေတ္တာတရားပြည့်ဝသော လူမှုဘဝများကိုလည်း တည်ဆောက်နိုင်ကြမည်ဖြစ်ရာ တနင်္ဂနွေနေ့နှင့် နွေရာသီကျောင်းပိတ်ရက်များတွင် မိမိတို့ရင်သွေးငယ်များကို ဓမ္မစကူးလ်များသို့ ပို့ဆောင်သင်ကြားပေးခြင်းဖြင့် မြန်မာ့ယဉ်ကျေးမှုကို တစ်ဖက်တစ်လမ်းမှ ထိန်းသိမ်းရာရောက်သကဲ့သို့ ယဉ်ကျေး၍ ဖြောင့်မတ်တည်ကြည်သော ရင်သွေးငယ်များအဖြစ်သို့ ရောက်လာစေမည်ဖြစ်ပါကြောင်း။

**(သတင်း-ကိုကိုနေ၊ ဓာတ်ပုံ-နန္ဒ)**

# ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးအားကစားအောင်နိုင်ရေးအဖွဲ့ နာယကဖလား အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု စံပြအလှမယ်ပြိုင်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးအားကစား အောင်နိုင်ရေးအဖွဲ့ နာယကဖလား အမျိုးသမီးကိုယ်ကာယ ကြံ့ခိုင်မှုစံပြအလှမယ်ပြိုင်ပွဲကို ယနေ့ မွန်းလွဲ ၁နာရီက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်း MCC ခန်းမ၌ ပြုလုပ်ခဲ့သည်။

အဆိုပါပြိုင်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ခရိုင် ၄ ခုမှ ကိုယ်စားပြုအလှမယ် ၂၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးအားကစား အောင်နိုင်ရေးအဖွဲ့ နာယကဖလား အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှု စံပြအလှမယ်ပြိုင်ပွဲ အကြီးတန်းအဆင့်တွင် ရန်ကုန်အရှေ့ပိုင်းခရိုင်မှ မယုဝေခိုင်က ပထမ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်မှ မသဥ္ဇာဖြိုးက ဒုတိယနှင့် ရန်ကုန်အနောက်ပိုင်းခရိုင်မှ မလတ်မေဇင်သော်က တတိယဆုကို လည်းကောင်း၊ အငယ်တန်းအဆင့်ပြိုင်ပွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်မှ မပိုးအိဖြူက ပထမ၊ ရန်ကုန်အနောက်ပိုင်းခရိုင်မှ မဗေရာယ်သာဦးက ဒုတိယနှင့် ရန်ကုန်အရှေ့ပိုင်းခရိုင်မှ မရွှေမဝက တတိယတို့ အသီးသီးဆွတ်ခူးရရှိခဲ့ကြသည်။

ဆုရရှိသူများအား ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးအားကစား အောင်နိုင်ရေးအဖွဲ့ နာယက ဒေါ်ခင်သက်ဌေး **(အောက်ပုံ)**နှင့် ဥက္ကဋ္ဌ ဒေါ်ခင်အေးနွယ်တို့က ဆုများချီးမြှင့်ခဲ့ကြသည်။

ထို့ပြင် ၂၀၁၄ ခုနှစ် ဇူလိုင်လ၌ စင်ကာပူနိုင်ငံတွင် ကျင်းပခဲ့သည့် အရှေ့တောင်အာရှ ကာယဗလနှင့် ကြံ့ခိုင်မှု အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုနှင့် (၄၈)ကြိမ်မြောက် အာရှကာယဗလနှင့် ကြံ့ခိုင်မှုပြိုင်ပွဲတွင် ကြေးတံဆိပ်ရရှိခဲ့သော မအေးအေးစိုးမှ ကိုယ်ကာယအလှ သရုပ်ဖော်ပြသခဲ့ပြီး နိုင်ငံကျော် တေးသံရှင်များက တေးသီချင်းများဖြင့်လည်းကောင်း၊ Uranium Dancer အဖွဲ့မှ အကအလှများဖြင့် လည်းကောင်း ဖျော်ဖြေခဲ့ကြပြီး ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဝင်များက စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ဖွင့်လှစ်ရောင်းချခဲ့ကြောင်းသိရသည်။

**(သီသီမင်း)**



မစ္စတာမြန်မာ ခရီးသွားဝန်ဆောင်မှုကုမ္ပဏီ
Mr. Myanmar Travel and Tours
အောက်တိုဘာလ သီတင်းကျွတ်အားလပ်ရက်များတွင် စိတ်အေးချမ်းသာစွာ ပြည်ပခရီးစဉ်သွားချင်သူများအတွက်•••
➢ ဘူတန်နိုင်ငံခရီးစဉ်(၆ည/၇ရက်)
➢ ဂျပန်ခရီးစဉ်(၈ည/၉ရက်)
➢ ဂျပန်နှင်းတောင်တန်းခရီးစဉ်(၇ည/၈ရက်)
➢ ကိုရီးယားခရီးစဉ်(၇ည/၈ရက်)
➢ ဟောင်ကောင်-မကာအိုခရီးစဉ်(၄ည/၅ရက်)
➢ ဟောင်ကောင်-မကာအို-ကွမ်ကျိုး-ရှန်းကျန့်ခရီးစဉ်(၇ည/၈ရက်)
➢ စင်ကာပူခရီးစဉ်(၃ည/၄ရက်)
➢ စင်ကာပူ-မလေးရှားခရီးစဉ်(၆ည/၇ရက်)
➢ ဘာလီကျွန်းခရီးစဉ်(၅ည/၆ရက်)
➢ ဗီယက်နမ်ခရီးစဉ်(၅ည/၆ရက်)
➢ ဗီယက်နမ်-ကမ္ဘောဒီးယားခရီးစဉ်(၇ည/၈ရက်)
➢ ဘန်ကောက်ခရီးစဉ်(၄ည/၅ရက်)၊ ဖူးခက်ခရီးစဉ်(၅ည/၆ရက်)
တိုက်(၂၉/၃၀)၊ ပထမထပ်၊ ဝဟိုရ်စည်အိမ်ရာ၊ လမ်းမတော်မြို့နယ် TEL: 228828, 0973211140, 0943185215

ရန်ကုန်မြို့၏ အသည်းနှလုံး (တရုတ်တန်း)
မဟာဗန္ဓုလလမ်းမပေါ်တွင် (13′ x 55′) မြေညီတိုက်ခန်း
အမြန်ရောင်းမည် (ညှိနှိုင်းဈေး)
ကျောက်မျက်ရတနာ/ ရွှေဆိုင်ဖွင့်ရန် နေရာကောင်း
Ph: 01 555624, 09250656840
09 73153882, 09 5405650














# ရေဖြူဘူတာနှင့် သက်ကယ်ကွက်ဘူတာအကြား အမှတ် (၁၇၆) အစုန် လူစီးရထား လမ်းချော်

**မော်လမြိုင် စက်တင်ဘာ ၁၆**

ဆိပ်ကမ်းဘူတာမှ စက်ခေါင်းမောင်း ဦးစိုးနိုင် မောင်းနှင်ပြီး ရထားထိန်း ဦးထွန်းလှ လိုက်ပါတာဝန်ထမ်းဆောင်လာသော အမှတ် (၁၇၆) အစုန် လူစီးအမြန်ရထားသည် စက်တင်ဘာ ၁၃ ရက် နံနက် ၇ နာရီ ၁၅ မိနစ်ခန့်တွင် ရေဖြူဘူတာနှင့် သက်ကယ်ကွက်ဘူတာအကြား ရထားလမ်းမိုင်တိုင်အမှတ် (၃၅၅/၂၂) မှ (၂၄)အကြား လူစီးတွဲတစ်တွဲနှင့် ရထားထိန်း ကုန်တင်တွဲတစ်တွဲတို့ ရေဖြူမြို့နယ်၌ လမ်းချော်ကျမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** ရထားတွဲလမ်းချော်ကျမှုဖြစ်ပွားသည့်နေရာသို့ လက်ထောက်အင်ဂျင်နီယာမှူး(စက်မှု)၊ လက်ထောက်အင်ဂျင်နီယာမှူး (မြို့ပြ) ဒုကြီးကြပ်ရေးမှူး သွားလာ/ရေး ဦးမြမိုး၊ ထားဝယ်ဘူတာရှိ တွဲပြင်လုပ်သားများနှင့် ရေးဘူတာရှိ တွဲပြင်လုပ်သားများက အထူးရထားဖြင့် ရောက်ရှိလာကြပြီး စစ်ဆေးခဲ့ရာ စက်ခေါင်း၏ အနောက် လေးတွဲမြောက် SMBDT 45031 ရိုးရိုးရထားလူစီးတွဲသည် ဘီးအမှတ် (၁၊ ၃၊ ၄) အပြင်ကျပြီး ဘီးအမှတ် (၅၊ ၆၊ ၇၊ ၈)အတွင်းကျ၍ VBHV 47023 ကုန်တင်ရထားထိန်းတွဲသည် ဘီးအမှတ် (၁၊ ၂၊ ၃၊ ၄) အပြင်ကျပြီး ဘီးအမှတ် (၅၊ ၆၊ ၇၊ ၈) အတွင်းကျ၍ ဘီးအမှတ် (၂၊ ၇) တို့သည် ဘီးများတစ်စစီ ပြုတ်ထွက်သွား၍ ကုန်တင်ရထားထိန်းတွဲမှာ ၄၅ ဒီဂရီ တိမ်းစောင်းခဲ့ကြောင်း သိရသည်။ ယင်းဖြစ်စဉ်များနှင့် ပတ်သက်၍ တာဝန်ရှိသူများက အသေးစိတ်စစ်ဆေးမှုများ စစ်ဆေးခဲ့ရာ သံလမ်းနှစ်ခု ရေချိန်မကိုက်ညီခြင်းကြောင့် ယခုကဲ့သို့ ရထားတွဲဆိုင်းများ လမ်းချော်ကျမှုဖြစ်ပွားရကြောင်း၊ ခရီးသည်နှင့် ဝန်ထမ်းများ ထိခိုက်ဒဏ်ရာရရှိခြင်း မရှိကြောင်းသိရပြီး တာဝန်ရှိသူများ၏ စီစဉ်ညွှန်ကြားမှုဖြင့် တွဲပြင်လုပ်သားများက ဂျိုက်များဖြင့် လမ်းချော်သွားသည့် အတွဲများကို အချိန်မီ မတင်ခဲ့မှုကြောင့် ရထားလမ်းပိုင်းမှာ စက်တင်ဘာ ၁၄ ရက် မွန်းလွဲ ၁၂ နာရီခန့်တွင် ရထားလမ်းပိုင်း ပြင်ဆင်ပြီးခဲ့ကြောင်း သိရသည်။

**မင်းမဟာ(မော်လမြိုင်)**

# အိမ်သာကျင်းဟောင်းဆယ်ရာမှ အမျိုးသားလေးဦး သေဆုံး

**ပခုက္ကူ စက်တင်ဘာ ၁၆**

ပခုက္ကူမြို့ အမှတ်(၁၁)ရပ်ကွက် (၁၆) လမ်းရှိ ဦးနေဝင်း၏နေအိမ် အိမ်သာကျင်းအတွင်း စက်တင်ဘာ ၁၅ ရက် မွန်းတည့် ၁၂ နာရီက လူလေးဦးလိမ့်ကျနေကြောင်း သတင်းအရ ပခုက္ကူမြို့မရဲစခန်းမှ ရဲအုပ်မြသန်းနှင့်အဖွဲ့သည် သက်သေများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ ဦးနေဝင်း၏ နေအိမ်ရှိ အိမ်သာကျင်းဟောင်းဆယ်ရန်အတွက် ပိုက်တပ်နေသူ ထွန်းနိုင် အသက်(၂၃) နှစ် အမှတ်(၁၁)ရပ်ကွက် ပခုက္ကူမြို့နေသူမှာ အိမ်သာကျင်းအတွင်း လိမ့်ကျသွားသဖြင့် ၎င်းနှင့်အတူလုပ်ကိုင်နေသူ အောင်မင်းထွန်း အသက်(၁၇)နှစ် အမှတ် (၁၁) ရပ်ကွက် ပခုက္ကူမြို့နေသူက ဆင်းဆယ်ခဲ့ရာ နှစ်ဦးစလုံး ပြန်တက်မလာနိုင်ဘဲ အော်ဟစ်နေသဖြင့် ဦးနေဝင်း၏ နေအိမ်မြောက်ဘက်ရှိ ဦးချင်းဘို၏ နေအိမ်တွင် လက်သမားလုပ်နေသူ ဝင်းဇော် အသက်(၃၀)နှစ် အမှတ်(၁၁) ရပ်ကွက် ပခုက္ကူမြို့နေသူနှင့် အောင်မိုးဦး(ခ) အောင်မျိုးထွန်း အသက်(၂၃)နှစ် အမှတ်(၁၅) ရပ်ကွက် ပခုက္ကူမြို့နေသူတို့ရောက်ရှိလာကာ အဆိုပါအိမ်သာကျင်းအတွင်းသို့ ထပ်မံဆင်း၍ လေးဦးစလုံး ပြန်လည်တက်မလာနိုင်သဖြင့် ဆက်သွယ်အကြောင်းကြားခဲ့ရာ သက်ဆိုင်ရာခရိုင်မီးသတ်ဦးစီးမှူး ဦးခင်မောင်သန်းနှင့် တပ်ဖွဲ့ဝင် ခြောက်ဦးရောက်ရှိလာကာ အဆိုပါအိမ်သာကျင်းထဲ ရောက်ရှိနေသူ ထွန်းနိုင်၊ အောင်မင်းထွန်း၊ ဝင်းဇော်၊ မောင်မိုးဦးတို့အား အိမ်သာကျင်းဟောင်းထဲသို့ ဆင်း၍ ဆယ်ယူပြီး ဆေးရုံသို့ ပို့ဆောင်ခဲ့ရာ ဆေးရုံသို့ မရောက်မီ ၎င်းတို့လေးဦးစလုံး သေဆုံးသွားသဖြင့် ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်၊ မဟုတ်သိရှိနိုင်ရန် ရဲအုပ်မြသန်းက တရားလိုပြုလုပ်တိုင်တန်းသဖြင့် ပခုက္ကူမြို့နယ် မြို့မရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၁၂/၂၀၁၄ ဖြင့် ရေးဖွင့်ထားကြောင်း သိရသည်။

**(ကျော်ဇေယျ)**

# တောင်တွင်းကြီးမြို့တွင် လူငယ်များရန်ဖြစ်ရာမှ ဓားခုတ်မှုဖြစ်၊ အမျိုးသားတစ်ဦး သေဆုံး

**တောင်တွင်းကြီး စက်တင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ အုန်းတော(၂)ရပ်ကွက်တွင် စက်တင်ဘာ ၁၅ ရက်က လူငယ်များရန်ဖြစ်ရာမှ ဓားခုတ်မှုဖြစ်ပွားပြီး အမျိုးသားတစ်ဦး သေဆုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယင်းနေ့ ည ၈ နာရီက မအမာလေး အသက်(၂၂)နှစ် အုန်းတော(၂)ရပ်ကွက်နေသူသည် နေအိမ်တွင်ရှိနေစဉ် အိမ်ရှေ့တွင် ရန်ဖြစ်သံကြားသဖြင့် ထွက်ကြည့်ခဲ့ရာ မောင်တစ်ဝမ်းကွဲတော်စပ်သူ ဇော်မင်းထက် အသက်(၂၀)နှစ် အုန်းတော (၂) ရပ်ကွက်နေသူအား တစ်ရပ်ကွက်တည်းနေ ချင်းပုတ်(ခေါ်)သီဟအောင် အသက် (၂၀)နှစ်၊ မျိုးထက်အောင် အသက်(၁၉)နှစ်နှင့် အောင်သူ အသက်(၁၉)နှစ်တို့က ဝိုင်းထားပြီး အမှောင်ရိပ်ထဲတွင် ရှေ့တည့်တည့်ရောက်ရှိနေသူက ဓားဖြင့် ထိုးလိုက်သည်ကို မြင်လိုက်ရပြီး ကျန်လူများက ရှန်းရင်းဆန်ခတ်ပြုလုပ်၍ ဇော်မင်းထက်မှာ မှောက်လျက်လဲကျသွားသည်။ ချင်းပုတ်(ခေါ်)သီဟအောင်က လက်ထဲတွင်ပါလာသည့် ဓားရှည်ဖြင့် သစ်ပင်အား ထိုးခုတ်ပြီးအော်ဟစ်ဆူပူနေစဉ် အိမ်နီးချင်းများ ဝိုင်းအုံလာသဖြင့် ချင်းပုတ်နှင့်အပေါင်းပါ နှစ်ဦးမှာ ထွက်ပြေးသွားခဲ့ပြီး ဇော်မင်းထက်တွင် ယာရင်ညွှန့်ထိုးသွင်းဒဏ်ရာတစ်ချက်၊ နောက်ကျော ခါးအလယ် ထိုးသွင်းဒဏ်ရာတစ်ချက် ရရှိခဲ့ပြီး ဆေးရုံသို့ပို့ဆောင်စဉ် သေဆုံးသွားခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ဇော်မင်းထက်အား ဓားဖြင့် သေဆုံးအောင်ပြုလုပ်သူ ချင်းပုတ်နှင့် အပေါင်းပါ နှစ်ဦးအား အရေးယူပေးရန် မအမာလေးက တရားလိုပြုလုပ်၍ တိုင်တန်းခဲ့သဖြင့် တောင်တွင်းကြီးမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကျော်ဇေယျ(မကွေး)**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၇-၉-၂၀၁၄ (ဗုဒ္ဓဟူးနေ့)

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၁၁း၀၀ | "စာပေရေချမ်းစင်၊ ဒီဂျစ်တယ် စာကြည့်တိုက်နှင့် ပြည်သူတို့၏ အမြင်များ" (ကယား၊ မွန်ပြည်နယ်) |
| ၁၁း၁၅ | ကြယ်ပွင့်များရဲ့ ရင်ခုန်သံ |
| ၁၂း၂၅ | မြန်မာဗီဒီယိုဇာတ်လမ်း "ဆူးနစ်အချစ်" (မြင့်မြတ်၊ ခိုင်သင်းကြည်၊ စိုးမြတ်နန္ဒာ) (ဒါရိုက်တာ-ဇော်မျိုး) |
| ၆း၀၀ | ပြည်တွင်းသတင်း မိုးလေဝသအခြေအနေ |
| ၆း၂၀ | ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် (ရခိုင်ပြည်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ) |
| ၈း၀၀ | ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၉း၀၀ | ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |

STI MYANMAR UNIVERSITY

ဘွဲ့ကြို နှင့် ဘွဲ့လွန် ပညာသင်ဆုလျှောက်လွှာခေါ်ယူခြင်း

၁။ STI Myanmar University မှ အောက်ဖော်ပြပါ အထူးပြုဘွဲ့ကြို နှင့် ဘွဲ့လွန်ပညာသင်ဆုများ ပေးအပ်မည်ဖြစ်ပါသည်။
(က) Master of Business Administration (MBA)
(ခ) Master of Financial Services (MFS)
(ဂ) Master of Education (MEd)
(ဃ) Bachelor of Business Administration (BBA)
• Management
(c) Bachelor of Engineering (BE)
• Civil and Architectural Engineering
• Electronic Engineering
၂။ ဘွဲ့ကြိုသင်တန်းများအတွက် အောက်ဖော်ပြပါ အချက်အလက်များနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်။
- တက္ကသိုလ်ဝင်တန်းစာမေးပွဲ သို့မဟုတ် GCE ထူးချွန်စွာအောင်မြင်ပြီးသူများ
- ခေါင်းဆောင်မှုစွမ်းရည်ရှိပြီး လူမှုရေးလုပ်ငန်းများတွင် စိတ်ဝင်စားသူများ
၃။ ဘွဲ့လွန်သင်တန်းများအတွက် အောက်ဖော်ပြပါ အချက်အလက်များနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်။
- ဘွဲ့တစ်ခုခုရရှိထားပြီး လုပ်ငန်းခွင်အတွေ့အကြုံ (၅)နှစ်ရှိသူများ
- ခေါင်းဆောင်မှုစွမ်းရည်ပြည့်ဝပြီး အောင်မြင်ရန်အလားအလာကောင်းရှိသူများ
၄။ စိတ်ပါဝင်စားသူများ STI Myanmar University ၌ လျှောက်လွှာများကို (၅)ရက်၊ အောက်တိုဘာလ နောက်ဆုံးထား၍ လာရောက်ထုတ်ယူနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက- STI Myanmar University
Building-10, MICT Park, Hlaing Campus, Hlaing Township, Yangon.
No (377), Upper Shwe Bon Thar Street, Pabedan Township, Yangon.
TEL : 507151/507152, 377988, 09250064451, 0931702299, 09420254872

ရွှေထိပ်တန်း
ချောင်းသာ ငွေဆောင် ဝိုင်းလုံးငှား လက်ခံသည်
01-701015, 01-710436

မျိုး 380164 09 5017088 09250640699
ခရီးစဉ်အမျိုးမျိုးနှင့် လချုပ်ကားမျိုးစုံ ငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။

ဟိန်း 01-293159 01-9000293 09-5160048
ခရီးစဉ်အမျိုးမျိုးနှင့်လချုပ်/နှစ်ချုပ် ကားမျိုးစုံငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ပါ။
www.heincarrental.com

ဦးအောင်ဟိန်းကျော်
ဈေးပြော၊ဘာသာပြန် စာအုပ်(လုံးဝ)မကိုင်ဘဲသင်တဲ့ဆရာ
အင်္ဂလိပ်စာရေးနည်း (အခြေခံ/ အဆင့်မြင့်)
အင်္ဂလိပ်စကားပြော သင်တန်း
▪ နိုင်ငံခြားသားများနှင့်လေ့ကျင့်သည်
● အင်္ဂလိပ်စကားပြော(Vol:1,2,3,4) ● ရေးနည်း(Pre., Vol:1,2,3)
၁၆၇(၃ထပ်)ဆိပ်ကမ်းသာရိပ်မွန်၊ဆိပ်ကမ်းသာလမ်း(လယ်)ရန်ကုန်
▪ 392468 ▪ 095171841

ဒေါ်ကလျာ M.A(English),Dip in E.L.T(YU), Dip in Global English ဦးစီးသော
7stars( ရာထူးဝင်သင်တန်းကြီး )
ဓမ္မမြို့ရေးရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ခေါ်ယူသော လစ်လပ်ရာထူးနေရာ - ( ၂၉၂၄ နေရာ )
( မည်သည့်ဘွဲ့ရများမဆို လျှောက်ထားနိုင်သည်။ )
အပြည့်စုံဆုံးပြုစုထားသော အထူးထုတ်များအား သင်တန်းတွင်ရောင်းချပေးမည်။
တိုက်(18 / 3B)၊ သပြေညိုကွန်ဒို(၁)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ကျောင်းခွဲ (လုံးဝ) မရှိပါ။
09.421052736, 09.49282366, 09.49653992

Y.E.S. Since 1994 ကျောင်းခွဲမရှိပါ။
ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော
International English Language Centre
တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို၊ ဘွဲ့ရများ အတွက်

Basic Spoken English
Mon to Thurs-1:00-3:00-5:00pm 1,15,22Sep
Sat & Sun - 9:00-12:00 am 6 Sep
Sat & Sun - 12:30-3:30 pm 13 Sep
Mon to Thurs-5:30-7:00 pm 22 Sep
Mon to Thurs-7:30-9:30 am 22 Sep
Mon to Thurs-10:00-12:00am 22 Sep
Sat & Sun - 12:30-3:30 pm 27 Sep
Mon to Thurs-1:00-3:00pm 29 Sep
Pre-Intermediate English
Sat & Sun - 12:30-3:30 pm 6 Sep
Mon to Thurs-7:30-9:30 am 8 Sep
Mon to Thurs-5:00-7:00 pm 15 Sep
Mon to Thurs-10:00-12:00am 22 Sep
Basic Writing Course
Mon to Thurs - 10:00-12:00 am 8 Sep
Mon to Thurs - 3:00-5:00 pm 8 Sep
Sat & Sun - 3:45-6:15 pm 27 Sep
Intermediate English
Mon to Thurs-1:00-3:00 pm 8 Sep
Grammar Foundation Course
Mon to Thurs - 3:30-5:00 pm 1 Sep
Mon to Thurs - 7:30-9:30 am 8 Sep
Mon to Thurs - 1:00-2:30 pm 29 Sep
Vocabulary Enrichment Course
Mon to Thurs-3:30-5:00pm 22 Sep
Structure & Written Expression
Sat & Sun - 9:00-12:00 am 6 Sep
Mon to Thurs-10:00-12:00 am 8 Jun
Sat & Sun - 12:30-3:30 pm 13 Sep
Mon to Thurs-1:00-3:00 pm 15 Sep
TOEFL Mon toThurs-5:30-7:00pm Sep
IELTS, SAT, API, AWC
No.190, 2nd Flr.,28th St.(Upper), Pabedan Tsp. Ph: 01-243950, 246910

# မန္တလေးတက္ကသိုလ်၌ သရုပ်ပြတရားစီရင်ခြင်း လက်တွေ့ပြသမှု ပထမအကြိမ်ပြုလုပ်

**မန္တလေး၊ စက်တင်ဘာ ၁၆**

မန္တလေးတက္ကသိုလ်တွင် စက်တင်ဘာ ၁၄ ရက်၌ ပြုလုပ်သော လက်တွေ့သရုပ်ပြ တရားစီရင်ရေးအခမ်းအနားသည် မန္တလေးတက္ကသိုလ် ဥပဒေပညာဌာနတွင် ပထမဆုံးအကြိမ်အဖြစ် စာတွေ့နှင့်လက်တွေ့ ပေါင်းစပ်သင်ကြားပေးသည့် အစီအစဉ်တစ်ခုဖြစ်ပြီး နောင်နှစ်များတွင်လည်း ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း မန္တလေးတက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခ ဒေါက်တာသွင်ပပက ပြောကြားသည်။

မန္တလေးတက္ကသိုလ် ဥပဒေပညာဌာနနှင့် မန္တလေးမြို့ ရှေ့နေများအသင်း (Mandalay Bar Association) တို့ ပူးပေါင်း၍ စက်တင်ဘာ ၁၄ ရက် နံနက် ၉ နာရီတွင် မန္တလေးတက္ကသိုလ် အင်း၀ (၉) ခန်းမ၌ ပြုလုပ်သော သရုပ်ပြတရားစီရင်ရေးအခမ်းအနားတွင် ဒေါက်တာသွင်ပပက ပြောကြားခဲ့ခြင်းဖြစ်သည်။

ဥပဒေပညာဖြင့် အသက်မွေးခြင်းသည် မြင့်မြတ်သော အသက်မွေးဝမ်းကျောင်းဖြစ်သည်ဟူသောဆိုရိုးစကားရှိပြီး ဥပဒေပညာရပ်၊ ဥပဒေပညာရှင်များသည် နိုင်ငံ၏ အရေးပါသောကဏ္ဍတွင် ပါဝင်ကြောင်း၊ ဥပဒေပညာကို သင်ကြားလေ့လာပြီး ဥပဒေဘွဲ့ရရှိသောအခါ ဥပဒေကျောင်းသား၊ ကျောင်းသူများသည် အလုပ်သင်ရှေ့နေအဖြစ် တရားရုံးများတွင် သွားရောက်လေ့လာသင်ယူရကြောင်း ၊ မန္တလေးတက္ကသိုလ်တွင် ယခုကဲ့သို့ သရုပ်ပြတရားစီရင်ရေးကို ဥပဒေပညာကျောင်းသားကျောင်းသူများအနေဖြင့် လက်တွေ့လေ့လာခွင့်ရရှိသည့်အတွက် တက္ကသိုလ်က သင်ကြားပေးသောစာတွေ့နှင့် ပေါင်းစပ်လေ့လာခွင့်ရရှိကြောင်း၊ ထို့ကြောင့် ယနေ့ကျင်းပသောသရုပ်ပြတရားစီရင်ရေး လက်တွေ့ပြုလုပ်ခြင်းအခမ်းအနားသည် ဥပဒေပညာကျောင်းသား၊ ကျောင်းသူများအတွက် အလွန်အကျိုးကျေးဇူးရရှိစေမည့်ပွဲဖြစ်ကြောင်း၊ မန္တလေးတက္ကသိုလ်အနေဖြင့် ဘာသာရပ်အသီးသီး တွင် ယခုကဲ့သို့ စာတွေ့နှင့် လက်တွေ့ပေါင်းစပ်သော လုပ်ဆောင်မှုများကို အားပေးသွားမည် ဖြစ်ကြောင်း မန္တလေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာနုနုရီက ပြောကြားသည်။

ဆက်လက်၍ သရုပ်ပြတရားစီရင်ရေး လက်တွေ့ပြုလုပ်ရာ မန္တလေးမြို့ ရှေ့နေများအသင်း (Mandalay Bar Association)မှ တရားလွှတ်တော်ရှေ့နေ ဦးခင်မောင်ဆွေပါဝင်သော တရားခွင်လက်တွေ့ သရုပ်ပြအဖွဲ့က ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၂) အရ တရားစွဲဆိုမှုကို အမှုဖြစ်စဉ်အကျဉ်းချုပ်နှင့် တရားရုံးတွင်စွဲဆိုခဲ့သည့် ဦးတိုက်လျှောက်လွှာ၊ ပထမသတင်းပေးတိုင်ချက်၊ ဆေးစာ၊ စွဲချက်ပုံစံနှင့် သက်သေခံပစ္စည်းစာရင်းတို့ကိုပါ ပူးတွဲထည့်သွင်း သရုပ်ပြခဲ့ကြသည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ (Mandalay Bar Association) မှ နာယက တရားလွှတ်တော်ရှေ့နေ ဦးလှကိုနှင့်အဖွဲ့ဝင်များမှ ပြန်လည်ဖြေကြားပေးခဲ့ပြီးကြောင်း သိရသည်။



ယင်းသရုပ်ပြ တရား စီရင်ရေးအခမ်းအနားသို့ မန္တလေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာနုနုရီ၊ အငြိမ်းစားပါမောက္ခချုပ်၊ မန္တလေးမြို့ပေါ်ရှိ တက္ကသိုလ်များမှ ဥပဒေပညာ ပါမောက္ခများ၊ (Mandalay Bar Association) မှ တရားလွှတ်တော်ရှေ့နေများနှင့် ရှေ့နေများ၊ UNDP မှ ကိုယ်စားလှယ်များ၊ မန္တလေးတက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဥပဒေပညာ ဒီပလိုမာ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများသို့ မြင်းခြံခရိုင် အုပ်ချုပ်ရေးမှူး သွားရောက်ကြည့်ရှုအားပေး

**တောင်သာ၊ စက်တင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်ရှိ မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများသို့ မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်သည် စက်တင်ဘာ ၁၀ ရက် နံနက် ၁၂ နာရီက သွားရောက်ကြည့်ရှု အားပေးခဲ့သည်။

ရှေးဦးစွာ မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာဖြစ်သော အလယ်ချိုင့် (အရှေ့) ကျေးရွာသို့သွားရောက်ပြီး မြစိမ်းရောင်ကျေးရွာကော်မတီဝင်များ၊ ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်သွယ်မှုလုပ်ငန်းများ လုပ်ဆောင်ရာတွင် အောင်မြင်အောင်ဆောင်ရွက်ရေး၊ စာရင်းဇယားများ စနစ်တကျရေးသွင်းထားရှိရေး စသည်တို့ကိုပြောကြားပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်သွယ်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။

အလားတူ မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာဖြစ်သော အုန်းပင်တောကျေးရွာသို့လည်း သွားရောက်ပြီး လုပ်ငန်းများဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။

မြစိမ်းရောင်ကျေးရွာများသို့ သွားရောက်ကြည့်ရှုရာသို့ မြင်းခြံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းနောင်၊ တောင်သာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ညွန့်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝဏ္ဏနှင့် မြို့နယ်အထောက်အကူပြုအဖွဲ့ဝင်များ လိုက်ပါကြည့်ရှုကြသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

## ခရမ်းမြို့နယ်တွင် ဆယ်အိမ်စုမှူးသင်တန်းဖွင့်လှစ်

**ခရမ်း၊ စက်တင်ဘာ ၁၆**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ပြည်သူ့အကျိုးပြုလုပ်ငန်းများဖြစ်သည့် ကျန်းမာရေးဆိုင်ရာစောင့်ရှောက်မှုလုပ်ငန်း၊ ပညာရေးဆိုင်ရာစောင့်ရှောက်မှုလုပ်ငန်း၊ စီးပွားရေးဆိုင်ရာစောင့်ရှောက်မှုလုပ်ငန်း (မိသားစုဝင်ငွေတိုးရေး)၊ လူမှုရေးဆိုင်ရာစောင့်ရှောက်မှုလုပ်ငန်းများကို ရပ်ကွက်၊ ကျေးရွာအနှံ့ အများပြည်သူများ သိရှိခံစား၍ ပူးပေါင်းပါဝင်ဆောင်ရွက်စေရန် ရည်ရွယ်ကာ ခရမ်းမြို့နယ်အတွင်းရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များအား ဆယ်အိမ်စုမှူးသင်တန်းကို နံနက် ၉ နာရီတွင် ခရမ်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ဗြဟ္မစိုရ်ခန်းမတွင် ဖွင့်လှစ်ခဲ့သည်။

ရပ်ကွက် ၁၂ ရပ်ကွက်မှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ၃၀ ဦး တက်ရောက်ခဲ့ပြီး ခရမ်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်လေးလေးနိုင်မှ အဖွင့်အမှာစကားပြောကြားကာ ကျန်းမာရေးဦးစီးဌာနမှ ဆရာမများက ပြည်သူ့အကျိုးပြုလုပ်ငန်းများ အဆင့်ဆင့်ဆောင်ရွက်မှုများကို ဆွေးနွေးသင်ကြားပေးခဲ့ကြောင်း သိရသည်။ **ကိုမင်း(ခရမ်း)**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈ C[1]) ၊ မြေကွက်အမှတ်(၁၆၃)၊ အမည်ပေါက် ဦးတင်၊ ဒေါ်မိ နှစ်(၃၀)ဂရန်မြေအား မြေကွက်တည်နေရာအမှတ်၂၃၊ ကြံခင်းလမ်း၊ လင်း/မြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ အမည်ပေါက်ဦးတင်၊ ဒေါ်မိ ကွယ်လွန်ပြီး သားသမီးများဖြစ်ကြသော ဦးသိန်းဟန်၊ ဒေါ်သောင်းညွန့်၊ ဒေါ်ခင်ရီ၊ ဦးအောင်သိန်းတို့တွင် ဦးအောင်သိန်း ကွယ်လွန်ခဲ့ရာ ဇနီးဖြစ်သူ ဒေါ်စိန်သန်းနှင့်အတူ ဦးသိန်းဟန်၊ ဒေါ်သောင်းညွန့်၊ ဒေါ်ခင်ရီတို့မှ ပိုင်ဆိုင်စာချုပ်အမှတ်-၁၁၃၁/၉၀ ဖြင့်လည်းကောင်း၊ ဦးသိန်းဟန်၊ ဒေါ်သောင်းညွန့်၊ ဒေါ်ခင်ရီတို့ထံမှ စွန့်လွှတ်စာချုပ်အမှတ် ၁၁၃၃/၉၀ဖြင့် ဒေါ်စိန်သန်းမှ လည်းကောင်း၊ ရရှိခဲ့ပြီး မိခင် ဒေါ်စိန်သန်းနှင့် ဖခင် ဦးအောင်သိန်းတို့ ကွယ်လွန်၍ သားသမီးများဖြစ်ကြသော (၁)ဦးသန်းဦး[၁၂/စခန(နိုင်)၀၁၅၀၉၅]၊ (၂)ဒေါ်သန်းသန်းထွေး[၁၂/စခန(နိုင်)၀၁၅၀၉၄]၊ (၃)ဦးသန်းငြိမ်း[၁၂/စခန(နိုင်)၀၁၅၀၉၃]၊ (၄)ဒေါ်တင်တင်ဝင်း[၁၂/စခန(နိုင်)၀၁၅၀၉၂]၊ (၅)ဒေါ်ခင်သန်းမြင့်[၁၂/စခန(နိုင်)၀၁၅၀၉၁]၊ (၆)ဦးနိုင်ဝင်း[၁၂/စခန(နိုင်)၀၁၅၀၉၀]၊ (၇)ဦးသူရ[၁၂/စခန(နိုင်)၀၁၅၂၀၉]တို့က သားသမီးများ တော်စပ်ကြောင်း ကျမ်းကျိမ်လွှာ၊ သေစာရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ**

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် – ၄/မြောက်၊ မြေကွက်အမှတ် – ၁၅၃–က၊ မြေကွက်တည်နေရာအမှတ်–၁၅၃ (က)၊ မြို့မ (၁၄) လမ်း၊ ၄/မြောက်ရပ်ကွက်၊ သာကေတမြို့နယ် (ဦးဘငြိမ်း) အမည်ပေါက် နှစ် (၆၀)ဂရန်မြေအား အမည်ပေါက် ဦးဘငြိမ်း (ဖခင်) နှင့် ဒေါ် တင်အေး (မိခင်) တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ဦးကျော်ငြိမ်း (၁၂/သကတ (နိုင်) ၁၀၈၇၈၅)၊ ဦးသိန်းနိုင် (၁၂/သကတ (နိုင်) ၀၆၈၂၉)၊ ဦးကျော်ထွေး (၁၂/သကတ (နိုင်) ၀၁၁၇၀၆)၊ ဦးအောင်ထွေး (၁၂/သကတ (နိုင်) ၁၂၆၂၈) တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်–၅၁၆၀/၁၄ (၂၀–၂–၂၀၁၄) ရသူ ဦးစနိုင်ထွန်းလွင် (၁၄/ဝခမ (နိုင်) ၀၁၅၃၈၆) မှ သေစာရင်းနှင့် ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်း နှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**TAXI ငှားမည်**

SUZUKI R+ 1c----

(အိမ်ပေး)

ဖုန်း-၀၉-၃၁၀၂၂၂၉၃၊
၀၉-၉၇၅၂၇၇၈၇၅

**အမည်ပြောင်းခြင်း**

အ. ထ. က(၁)အင်းစိန်၊ သတ္တမတန်း (A)မှ ဦးတင်မောင်နီ၏ သမီးမယွန်းဝတီကျော်အား မဝါယုယုစျာန် ဟုပြောင်းလဲခေါ်ဆိုပါရန်။

မဝါယုယုစျာန်

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ က/မြို့သစ်ရပ်ကွက်၊ က-၄ လမ်း၊ အမှတ်(၂၈၃)ဟု ခေါ်တွင်သော အိမ်နှင့် ယင်းအိမ်ဆောက်လုပ်ထားသော မြေကွက်အကျယ်ပေ(၂၀×၆၀)ရှိ မြေကွက် (၁)ကွက် အပါအဝင် သီးပင်စားပင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရောက်ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဦးစိန်ဝင်း(KMYT- ၀၀၁၂၃၂)(လူပျိုကြီးဘဝကွယ်လွန်)၏ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူများဖြစ်သော ၁။ဒေါ်သီသီမွန်[၁၂/ကမရ(နိုင်)၀၀၅၆၁၄]၊ ၂။ဦးရဲထူး[၁၂/ကမရ(နိုင်)၀၃၆၀၄၈]၊ ၃။ဒေါ်အေးအေးမွန်[၁၂/ကမရ(နိုင်)၀၂၁၈၇၃]တို့ထံမှ တစ်ဆင့် လက်ရောက်ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေသည် ရောင်းဖိုးငွေများအနက်မှ စရန်ငွေတစိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါ အိမ်နှင့်မြေကို ကန့်ကွက်လိုသူများ ဤကြော်ငြာပါ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသော သက်သေခံစာရွက်စာတမ်းမူရင်းများဖြင့် လာရောက် ပြသကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်ရက်ကျော်လွန်ပါက အရစ်ကျငွေပေးချေပြီး အပြီးအပိုင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုသွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်မြတ်မြတ်စိုး(စဉ်-၇၄၆၇) တရားလွှတ်တော်ရှေ့နေ
အမှတ်(၇၁)၊ ဌာနာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၉၃၀၅၅၀၃၊ ၀၉၇၃၀၄၃၁၅၂

**ကြော်ငြာစာ**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်၊ ဒေးဝန်းအနောက်ရပ်ကွက်၊ အကွက်အမှတ်(၁၁၉/၁၂၀)၊ ဦးပိုင်အမှတ်(၇၈-ခ)၊ ၂၉×၁၀ကြားနှင့်ကမ်းနားလမ်းအောက်လမ်းရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်အေးရှင်သည် ခင်ပွန်းဦးထွန်းခင်နှင့် အိမ်ထောင်ကျပြီးသား၊ သမီးတစ်ဦးတစ်ယောက်မှ မထွန်းကားဘဲကွယ်လွန်၍ မောင်အရင်းဖြစ်သူဦးရှန်နှင့်ဇနီးဒေါ်သန်းရီတို့ ကျန်ရစ်ခဲ့ပါသည်။ ဦးရှန်၊ ဒေါ် သန်းရီတို့တွင်(သား)ဦးဘိုညီကိုမွေးဖွားခဲ့ပါသည်။ ဦးကြီးဦးထွန်းခင်၊ အဒေါ်ဒေါ်အေးရှင်၊ ဖခင်ဦးရှန်၊ မိခင်ဒေါ်သန်းရီတို့အသီးသီး ကွယ်လွန်၍ ကျန်ရစ်သူ(တူ/သား)ဖြစ်သည့် ဦးဘိုညီ[၉/မနတ(နိုင်)၀၃၀၆၂၇]မှ ဂရန်မူရင်းမှာပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံး ကြောင်းရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ သက်တမ်းတိုး၊ အမည်ပြောင်း၊ ဂရန်ပျောက်အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၃၄)ရပ်ကွက်၊ သရဖီလမ်း၊ အမှတ်-၁၂၉၄ ဟုခေါ်တွင်သည့် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၄၊ မြေကွက်အမှတ်-၁၂၉၄၊ ဧရိယာ(၀. ၀၅၅) ဧကရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်တိုက်အိမ်တို့ကို ဒေါ်ခင်တိုးမြင့်[၁၂/ဗတထ(နိုင်)၀၃၁၉၁၂]က အမည်ပေါက် ပိုင်ဆိုင်ပါသည်။

အမည်ပေါက်ပိုင်ရှင်ဒေါ်ခင်တိုးမြင့်ထံမှတစ်ဆင့် ဝယ်ယူထားသော ဒေါ်ဥမ္မာမော်[၁၂/လမန(နိုင်)၀၆၃၂၅၀]ထံမှ ကျွန်ုပ်၏အမှုသည်က အဆိုပါမြေနှင့်အိမ်တို့ကို အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။

သို့ပါ၍ ဤအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ပိုင်ရေးပိုင်ခွင့်ရှိသည်ဟုအဆိုရှိသူ မည်သူမဆို (၇)ရက်အတွင်း အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ဦးဇော်မင်းစိန်
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၀၃)
အမှတ်-၅၆၁(ပ-ထပ်)၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊
ရုံး-၀၁-၂၄၅၄၀၀၊ အိမ်-၀၁-၅၀၀၀၄၃၊ ၀၉-၅၁၇၅၁၁၇

# ကမ္ဘာ့ရေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် ချောင်းဦးမြို့ အထက်တန်း ကျောင်းသို့ ကြက်ခြေနီ ဆေးသေတ္တာ ပေးအပ်

**ချောင်းဦး၊ စက်တင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့၊ အခြေခံပညာအထက်တန်းကျောင်း အနော်ရထာခန်းမ၌ ကမ္ဘာ့ရေးဦးပြုစုခြင်း အထိမ်းအမှတ် ကြက်ခြေနီဆေးသေတ္တာ ပေးအပ်ပွဲကို စက်တင်ဘာ ၁၁ ရက်၊ နံနက် ၉ နာရီက ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ချောင်းဦးမြို့၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင် မြို့နယ်ပညာရေးမှူး ဦးစန်းငွေမောင်က အမှာစကားပြောကြားပြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကြက်ခြေနီ ဦးစီးမှူး ပထမတန်း ဦးတင့်ဝေက ဆေးသေတ္တာများ ပေးအပ်လှူဒါန်းရသည့် ရည်ရွယ်ချက်များအား ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး ကြက်ခြေနီ ဦးစီးမှူး ပထမတန်း ဦးတင့်ဝေက ဆေးသေတ္တာခုနစ်လုံးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ကျော့ကျော့ခိုင်ထံ ပေးအပ်ခဲ့သည်။ ၎င်းနောက် ချောင်းဦးမြို့ အခြေခံပညာအထက်တန်းကျောင်း ကြက်ခြေနီ အသင်းဝင် ကိုယ်စားလှယ် ကျောင်းသားတစ်ဦးက စစ်ကိုင်းတိုင်းဒေသကြီး ကြက်ခြေနီ Sporting Officer ဒေါ်သင်းနန္ဒာအောင်ထံသို့ အသင်းဝင် လျှောက်လွှာများကို ပေးအပ်ခဲ့သည်။

ဆက်လက်ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ကျော့ကျော့ခိုင်က ကမ္ဘာ့ရေးဦးပြုစုခြင်း အထိမ်းအမှတ် ကြက်ခြေ နီဆေးသေတ္တာများ ပေးအပ်သည့်အတွက် ဆရာ၊ ဆရာမများ နှင့် ကျောင်းသူ၊ ကျောင်းသားများ ကိုယ်စား အထူးပင်ကျေးဇူး တင်ရှိကြောင်း ပြောကြားခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်၏ ညွှန်ကြားချက်ဖြင့် တိုင်းဒေသကြီး ဆင်းရဲမှုလျှော့ချရေး အစီအစဉ်မှ တိုင်းအတွင်းရှိ မြို့နယ်များသို့ နှစ်စဉ် ဆေးသေတ္တာများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ချောင်းဦးမြို့နယ် အနေဖြင့် ၂၀၁၂ ခုနှစ်တွင် ၁၀ လုံး၊ ၂၀၁၃ ခုနှစ်တွင် ၁၀ လုံးနှင့် ယခု ၂၀၁၄ ခုနှစ်တွင် ခုနစ်လုံး စုစုပေါင်း ကြက်ခြေနီ ဆေးသေတ္တာ ၂၇ လုံး လက်ခံရရှိပြီး ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဝင် မြို့နယ်ပညာရေးမှူး ဦးစန်းငွေမောင်၊ စစ်ကိုင်းတိုင်းဒေသကြီး ကြက်ခြေနီ ဦးစီးမှူး ပထမတန်း ဦးတင့်ဝေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကျော့ကျော့ခိုင်နှင့် ဆရာ၊ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

**ယုယုဝင်း**



**စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့ပေါ်ရပ်ကွက်များတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ဓာတ်အားအပြည့်အဝရရှိစေရန်အတွက်မြို့နယ်လျှပ်စစ်ဦးစီးမှူးနှင့်ဝန်ထမ်းများဦးဆောင်ပြီး ရပ်ကွက်နေပြည်သူများပူးပေါင်း၍ ပျက်စီးနေသောသစ်သားဓာတ်တိုင်များလဲလှယ်ခြင်း၊ လျှပ်စစ်ကြိုးတင်လက်တန်းများလဲလှယ်ခြင်း 33KVA/11KVA/0U4 ဓာတ်အားလိုင်းများ လိုင်းမကျဆင်းစေရန် ဓာတ်ကြိုးနှင့်မလွတ်သော သစ်ကိုင်းသစ်ခက်များကို ခုတ်ထွင်ရှင်းလင်းကြကြောင်း သိရသည်။**

သတင်းနှင့်ဓာတ်ပုံ- မျိုးဝင်းညို(ကျွန်းလှ)

# ရေစကြိုဆေးရုံတွင် သူနာပြုအဆောင် ဆောက်လုပ်

**ရေစကြို၊ စက်တင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်ရှိ ပြည်သူ့ဆေးရုံအား ခုတင် ၁၀၀ ဆံ့ ဆေးရုံအဖြစ် အဆင့်မြှင့်တင်ပေးမည်ဖြစ်ရာ ထပ်မံရောက်ရှိနေသော သူနာပြုဆရာမများ နေထိုင်ရန် အဆောင်တစ်ဆောင်ထပ်မံဆောက်လုပ်မည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ သူနာပြု ၁၃ ဦးအား တိုးချဲ့ခန့်ထားရောက်ရှိနေပြီး အဆိုပါသူနာပြုများနေထိုင်ရန် နေအိမ်အခက်အခဲရှိနေသဖြင့် ရွှေသုန္ဒရီဆောက်လုပ်ရေးကုမ္ပဏီမှ ပေ ၄၀ ပေ ၂၀ သမံတလင်း၊ သွပ်မိုး၊ ထရံကာ အဆောင်တစ်ဆောင်ကို ဆောက်လုပ်လှူဒါန်းထားကြောင်း သိရသည်။

ရေစကြိုမြို့နယ်အတွင်းမှ ပြည်သူများ၏ကျန်းမာရေးကို ကျယ်ကျယ်ပြန့်ပြန့် စောင့်ရှောက်မှုပေး နိုင်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ခုတင် ၅၀ ဆံ့ဆေးရုံအဆင့်မှ ခုတင် ၁၀၀ ဆံ့ ဆေးရုံအဆင့်သို့ မကြာမီ တိုးမြှင့်ခွင့်ပြုတော့မည်ဖြစ်သည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# ဓာတ်အားလျော့နည်းကျဆင်းမှုများမဖြစ်ပေါ်စေရန် ရွှေပြည်သာတွင် ထရန်စဖော်မာအသစ်တပ်ဆင်

**ရန်ကုန်၊ စက်တင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်တွင် ဓာတ်အား လျော့နည်းကျဆင်းမှုများမဖြစ်ပေါ်စေရန် ထရန်စဖော်မာအသစ်တပ်ဆင်ပေးထားကြောင်းသိရသည်။

လျှပ်စစ်ဓာတ်အားကို အမှန်တကယ်သုံးစွဲရမည့်အချိန်များတွင် ဓာတ်အားလျော့နည်းကျဆင်းမှုများကြောင့် ပြည်သူများ စိတ်ဒုက္ခခံစားနေရသည်ကို ဖြည့်ဆည်းသောအားဖြင့် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ရွှေပြည်သာမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် လျှပ်စစ်အင်ဂျင်နီယာတို့သည် ဝန်ထမ်းများနှင့်အတူ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေး နှစ်တွင် အမှတ် ၉ ရပ်ကွက်၊ မြေတိုင်း ၂ စိန်စီဂုဏ်ရောင်လမ်းနှင့် မြယာကုန်းလမ်းထောင့်တွင် 315 KVA ထရန်စဖော်မာအသစ်တစ်လုံး တပ်ဆင်ပေးခဲ့ကြောင်းသိရသည်။

ထိုသို့တပ်ဆင်ပေးပြီးနောက် စက်တင်ဘာ ၇ ရက်တွင် စတင်ဓာတ်အားပေးလွှတ်ခဲ့ရာ မြေတိုင်း ၂ အတွင်းရှိ ပန်းခြံ ၁၁ ခုမှ ပြည်သူများ လျှပ်စစ်ဓာတ်အားကို အချိန်ပြည့်သုံးစွဲနိုင်ခဲ့ကြကြောင်းသိရသည်။

**မြင့်သန်းကြည်(ရွှေပြည်သာ)**

# စဉ့်ကူးမြို့နယ်တွင် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနား ဒုတိယအကြိမ်ပြုလုပ်၍ စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်

**စဉ့်ကူး စက်တင်ဘာ ၁၆**

ဒုတိယအကြိမ်မြောက် လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်၊ စဉ့်ကူးမြို့နယ်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် စက်တင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်လူကုန်ကူးမှုတိုက်ဖျက်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သန်းက အဖွင့်အမှာစကား ပြောကြားခဲ့သည်။

မြို့နယ်လူကုန်ကူးမှုတိုက်ဖျက်ရေးအဖွဲ့ အတွင်းရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးအောင်က လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြီး မြို့နယ်တရားသူကြီး ဦးကျော်မြင့်ထွန်းက လူကုန်ကူးမှုဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များအား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် လူကုန်ကူးမှုတိုက်ဖျက်ရေးအဖွဲ့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိ သူများက လူသားအချင်းချင်းစာနာလို့ လူကုန်ကူးမှုတိုက်ဖျက်စို့ စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့်တတိယဆုရ ကျောင်းသား၊ကျောင်းသူများအား ဆုများချီးမြှင့်ပေးအပ်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတောက်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးစိုးအောင်နှင့်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြု ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ကော်မတီဝင်များ၊ လူမှုရေးအသင်း အဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြင့်သူ(စဉ့်ကူး)**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ်(၄)ဦးပိုင်အမှတ်(၄၆)၊ ၁၉×၂၀ကြား၊ ၆၂×၆၃လမ်းကြားရှိ အခလွတ် ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ညွန့်(အပျိုကြီးဘဝ)ဖြင့် ကွယ်လွန်၍(ညီမ)ဖြစ်သူ ဒေါ်တင့်ကျန်ရစ်ခဲ့ပြီး ခင်ပွန်း ဦးပြားနှင့် အိမ်ထောင်ကျခဲ့ပါသည်။ မိခင် ဒေါ်တင့်၊ ဖခင်ဦးပြားတို့ ကွယ်လွန်၍သား၊ သမီးများဖြစ်သည့် ဒေါ်လှပို၊ ဦးပေါ်၊ ဦးထော်၊ ဦးသော်တို့(၄)ဦး ကျန်ရစ်ခဲ့ပြီး ဒေါ်လှပိုသည် ဦးစိမ်းမောင်နှင့် အိမ်ထောင်ကျ၍ သား၊သမီး(၄)ဦး မွေးဖွားခဲ့ပါသည်။ မိခင် ဒေါ်လှပို၊ ဖခင်ဦးစိမ်းမောင်တို့ကွယ်လွန်၍သား၊ သမီးများဖြစ်သည့် ဒေါ်မြင့်မြင့်စိမ်းပါ(၄)ဦးမှ အမွေဆက်ခံခဲ့ပါသည်။ ဦးမောင်မောင်သည် ဒေါ်သန်းမြင့်နွယ်နှင့် အိမ်ထောင်ကျပြီး ကွယ်လွန်သွားပါ သဖြင့် ဇနီးဒေါ်သန်းမြင့်နွယ် ကျန်ရစ်ခဲ့ပါသည်။ ဦးထော်နှင့်ဇနီး ဒေါ်သန်းရီတို့ ကွယ်လွန်၍ သမီးများဖြစ် သည့် ဒေါ်တင်တင်ဦးနှင့် ဒေါ်စိုးစိုးဦး ကျန်ရစ်ခဲ့ပါသည်။ ဦးသော်သည် ဒေါ်တင်မိနှင့် အိမ်ထောင်ကျ၍ သား၊ သမီး(၆)ဦး ထွန်းကားခဲ့ပြီး(၆)ဦးအနက် ဦးလှဦးမောင်သည် ဒေါ်မြတ်သီတာနှင့် အိမ်ထောင်ကျ၍ ကွယ်လွန်သွားပါသဖြင့် ဇနီးဖြစ်သူ ဒေါ်မြတ်သီတာ ကျန်ရစ်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ ၎င်းမြေကွက်၏ အကျိုးခံစားခွင့်အားလုံးတို့အား အမည်ပေါက်သူ(ဒေါ်ညွန့်)ကွယ်လွန်၏ (တူဖြစ်သူ) ဦးပေါ်(MTA-၀၉၉၈၅၀)နှင့် (မြေးများဖြစ်ကြသည့်)ဒေါ်မြင့်မြင့်စိမ်း[၉/မနမ(နိုင်)၀၅၇၁၃၀]၊ ဒေါ်ရီရီစိမ်း[၉/ပကခ (နိုင်)၀၁၁၅၀၄]၊ ဦးတိုးတိုး[၉/မရမ(နိုင်)၀၅၇၁၄၆]၊ ဒေါ်သန်းမြင့်နွယ်[၉/မနမ(နိုင်)၀၆၀၁၇၃]၊ဒေါ်တင် တင်ဦး[၉/မနမ(နိုင်)၀၈၁၈၄၆]၊ ဒေါ်စိုးစိုးဦး[၉/မနမ(နိုင်)၀၈၃၉၇၃]၊ ဒေါ်မြတ်သီတာ[၉/မနမ(နိုင်) ၀၅၅၄၀၄]၊ ဒေါ်တင်တင်သော်[၉/မနမ(နိုင်)၀၁၇၃၁၉]၊ ဒေါ်တူးတူး[၉/မနမ(နိုင်)၀၁၇၃၂၀]၊ ဒေါ်တင် တင်မော်[၉/မနမ(နိုင်)၀၁၇၃၉၁]၊ ဒေါ်ခင်စိန်လေး[၉/မနမ(နိုင်)၁၀၆၀၃၁]၊ ဦးဆန်းဦး[၉/မနမ(နိုင်) ၀၁၇၃၉၄]တို့မှ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ စိုက်ပျိုးရေး(၁)လမ်း၊ အမှတ်(၆၀၀/က) အကျယ်အဝန်း ပေ(၂၀×၆၀)ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ရှင်ဖြစ်သူ ဦးအောင်နိုင်ဦး[၁၄/ရကန(နိုင်)၀၀၅၈၅၉]ထံမှ ဝယ်ယူရန်အတွက်ကျွန်ုပ်၏ မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၅)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများ ယူဆောင်၍ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မိုးမိုးလွင်(LLB.D.B.L) ဦးကျော်ဝင်းခိုင်(LLB.D.B.L)
အထက်တန်းရှေ့နေ(စဉ်-၃၀၁၇၉) အထက်တန်းရှေ့နေ(စဉ်-၃၃၉၀၁)
အမှတ်(၁၀၁၈)၊ သခင်စံရွှေလမ်း၊ (၁၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊
ဖုန်း-၄၃၁၂၁၄၄၉

**ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ် (ရ)လမ်း၊ အမှတ်(၃၀၆)၊ အပေါ်ဆုံးထပ် (ဒါဘာခြေရင်းခန်း)ဟုခေါ်တွင်သော တိုက်ခန်း၏ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း**

အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်၍ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်စုလေးမေ (၁၃/မပတ(နိုင်)၀၀၀၃၀၀)ထံမှ ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးရဲစိုးမိုး
(၂၄/၁၃)၊ တော်ဝင်အိမ်ရာ၊
မြောက်ဒဂုံမြို့နယ်၊
ဖုန်း - ၀၉-၅၁၂၈၁၈၃

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ကေခိုင်ဖြိုး[၁၄/ကကန(နိုင်) ၁၀၈၄၂၄]၏ Pass Port No.M-619564 မှာ ပျောက်ဆုံးသွားပါသဖြင့် အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၂၅၃၀၈၇၅

## ဖခင်အမည်မှန်

နောင်ချိုမြို့၊ အထက(ခွဲ) ဒသမတန်း(B) မှ နန်းစံနွမ်း၏ ဖခင်အမည်မှန်မှာ ဦးလုံးချိန် ဖြစ်ပါကြောင်း။

**ဦးလုံးချိန်**

## ခင်ပွန်းအဖြစ်မှမသက်ဆိုင်တော့ပါကြောင်းအများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော မခင်စန္ဒာလင်း(ခ)ဆိုဖီယာဘီ အမှတ်-င/၉၊ ဗိုလ်ချုပ်လမ်း၊ (၁)ရပ်ကွက်၊ မြဝတီမြို့နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ မခင်စန္ဒာလင်း(ခ)ဆိုဖီယာဘီသည် မောင်ဇော်ဇော်(ခ)ဟာဂျီအဏ္ဏဝါရ်နှင့် ၂-၉-၂၀၁၂ရက်တွင် အစ္စလာမ်ဘာသာဝင်များ၏ ဓလေ့ထုံးတမ်းအရ နေကာဟ်ပြုလုပ်လက်ထပ်ခဲ့ပါသည်။ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်သဖြင့် ၁၉-၈-၂၀၁၄ ရက်တွင် မောင်ဇော်ဇော်(ခ)ဟာဂျီအဏ္ဏဝါရ်က အစ္စလာမ်ဘာသာ ဓလေ့ထုံးတမ်းနှင့်အညီ သွာလာဘ် သုံးကြိမ်ပေးပြီး ဂုဏ်သရေရှိ သက်သေအစ္စလာမ်ဘာသာဝင် လူကြီးများရှေ့တွင် လက်မှတ်ရေးထိုး၍ နှစ်ဦးသဘောတူ ကွာရှင်းစာချုပ်ပြုလုပ်ချုပ်ဆိုခဲ့ပါသည်။ နှစ်ဦးသဘောတူ ကွာရှင်းစာချုပ်ချုပ်ဆိုသော်လည်း ကျွန်ုပ်တို့၏မိတ်ဆွေ မခင်စန္ဒာလင်းဘက်မှ ရွှေ့ပြောင်း မရွှေ့ပြောင်းနိုင်သော ပစ္စည်းတစ်စုံတစ်ရာကိုမျှ တောင်းဆိုခဲ့ခြင်းမရှိပါ။ နောက်နောင် ကျွန်ုပ်တို့၏မိတ်ဆွေ မခင်စန္ဒာလင်းအပေါ် ကိုယ်တိုင်သော်လည်းကောင်း၊ သွယ်ဝိုက်သောနည်းဖြင့်သော်လည်းကောင်း၊ နှောင့်ယှက်ခြင်းမပြုပါရန် တားမြစ်ပါသည်။ ကျွန်ုပ်တို့၏မိတ်ဆွေ မခင်စန္ဒာလင်းနှင့်မောင်ဇော်ဇော်(ခ)ဟာဂျီအဏ္ဏဝါရ်တို့သည် မည်သို့မျှ သက်ဆိုင်ခြင်းမရှိကြောင်းနှင့် ခင်ပွန်းအဖြစ်မှ မသက်ဆိုင်တော့ပါ၍ နှစ်ဦးသဘောတူကွာရှင်းစာချုပ်လက်မှတ်ထိုးပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမြင့်သောင်း (စဉ်-၄၀၄၄) ဦးစိန်မြင့် (စဉ်-၁၀၉၁၆) ဒေါ်ခင်နီတာ (စဉ်-၃၄၇၅၉)
တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေများ
အမှတ်(၂၀၃)၊ (၃)လွှာ၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

# ဆင်းပဒေသာ (၁၁) မြေပဲမျိုးသန့် စံပြကွက် ၁၀ ဧက ကွင်းသရုပ်ပြပွဲ ချောင်းဦးတွင်ပြုလုပ်

**ချောင်းဦး၊ စက်တင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ ငါးယုန်ကျေးရွာအုပ်စု ကွင်းအမှတ် ၂၀၃၆ ဦးပိုင်အမှတ်၁/၂-၅/၂ရှိတောင်သူ ဦးအောင်ဆန်းဝင်း၏ စိုက်ခင်းတွင် စက်တင်ဘာ ၁၂ ရက် နံနက် ၈ နာရီက ဆင်းပဒေသာ (၁၁) မြေပဲမျိုးသန့် စံပြကွက်၌ ကွင်းသရုပ်ပြပွဲ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ကွင်းသရုပ်ပြပွဲတွင် မြို့နယ်ဦးစီးမှူး ဒေါ်သန်းလှက ကွင်းသရုပ်ပြပွဲ ပြုလုပ်ရခြင်းနှင့် ဆင်းပဒေသာ (၁၁) မြေပဲ၏အရည်အသွေး လက္ခဏာများနှင့် အားသာချက်များအကြောင်း၊ ပိုးသတ်ဆေးဖြန်းရမည့် အချိန်များကို အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့သည်။



ကွင်းသရုပ်ပြပွဲသို့ လာရောက်လေ့လာသည့် တောင်သူများမှ ဆောင်းမြေပဲစိုက်ပျိုးရန်အတွက် မျိုးလိုအပ်ချက်များကို တောင်းဆိုကြရာ မြို့နယ်ဦးစီးမှူး ဒေါ်သန်းလှက တောင်သူများလိုအပ်လျက်ရှိသော မြေပဲမျိုးကောင်းမျိုးသန့်များကို မိမိတို့ဌာနမှ စိုက်ပျိုးချိန်အမီ တောင်သူများထံသို့ ဖြန့်ဖြူးပေးသွားမည်ဟု ပြောကြားခဲ့သည်။

ကွင်းသရုပ်ပြပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးထွန်းပေါ်မြင့်၊ မုံရွာခရိုင်ဦးစီးမှူး ဦးအောင်မြင့်ထွန်း၊ ချောင်းဦးမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှသိန်း၊ ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းလှနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်စု ၁၀ အုပ်စုမှ တောင်သူ ၅၀ တို့ တက်ရောက်ခဲ့ကြသည်။ **အိအိစိုး(ချောင်းဦး)**

## သုံးခွမြို့၌စေတနာ့ဝန်ထမ်း လူထုကျန်းမာရေး လုပ်သားသင်တန်း ဖွင့်လှစ်

**သုံးခွ၊ စက်တင်ဘာ ၁၆**

လူထုကျန်းမာရေးလုပ်သားများ လစ်လပ်လျက်ရှိသော ကျေးရွာများမှ စေတနာ့ဝန်ထမ်း လူထုကျန်းမာရေးလုပ်သား(အသစ်) များ ရွေးချယ်၍ စေတနာ့ဝန်ထမ်း လူထုကျန်းမာရေးလုပ်သားသင်တန်း ဖွင့်ပွဲကို ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ စက်တင်ဘာ ၁၅ ရက် နံနက် ၉ နာရီက ကျင်းပရာ သုံးခွမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ထွန်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာစိုးဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ သက်ဆိုင်ရာဌာနအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သက်ဆိုင်ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ စေတနာ့ဝန်ထမ်း လူထုကျန်းမာရေးလုပ်သား သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

စေတနာ့ဝန်ထမ်း လူထုကျန်းမာရေးလုပ်သားသင်တန်းဖွင့်ပွဲတွင် သုံးခွမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာစိုးဝင်းက ပြောကြားရာတွင် ကျန်းမာရေးလုပ်သားများ၏အဓိကတာဝန်များမှာ ရောဂါကာကွယ်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ရေကောင်းရေသန့်ရရှိရေး၊ ယင်လုံအိမ်သာများ သုံးစွဲရေးတို့ဖြစ်ကြောင်း၊ သင်တန်းကို စိတ်ဝင်တစားတက်ရောက်ကြပြီး မိမိတို့နေရပ်ပြန်ရောက်လျှင်လည်း သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်း၍ ထိန်းသိမ်းပေးကြစေလိုကြောင်း၊ တစ်ဦးနှင့်တစ်ဦး ဌာနဆိုင်ရာများနှင့် စေတနာ့ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ ပင်လယ်ကမ်းစပ်နားမှ တက်ရောက်ကြသော သင်တန်းသားများအား စီမံခန့်ခွဲပြီး ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားခဲ့သည်။

စေတနာ့ဝန်ထမ်း လူထုကျန်းမာရေးသင်တန်းကို သင်တန်းဆရာ ၇ ဦးတို့က စာတွေ့လက်တွေ့ ၂၀ ရက်နှင့် ကွင်းဆင်းခြင်း ၇ ရက်အပါအဝင် စက်တင်ဘာ ၁၅ ရက်မှ အောက်တိုဘာ ၂၄ ရက်အထိ သင်ကြားပေးလျက်ရှိရာ သင်တန်းသား၊ သင်တန်းသူ ၂၅ ဦး တက်ရောက်ခဲ့သည်။ **ကြည်စိုးလွင်(သုံးခွ)**

# မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ကလေးတွင်ဟောပြော

**ကလေး၊ စက်တင်ဘာ ၁၆**

ကျောင်းနေအရွယ်ကလေးများ မူးယစ်ဆေးဝါးအန္တရာယ်နှင့် လူကုန်ကူးမခံရစေရေး အသိပညာဗဟုသုတ တိုးပွားစေရန်ရည်ရွယ်၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် ဆန့်ကျင်ကာကွယ်ရေး ဟောပြောပွဲကို စက်တင်ဘာ ၁၂ ရက် နံနက် ၁၀ နာရီက ကလေးမြို့ အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်းခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲတွင် ကလေးခရိုင် ဒုတိယရဲမှူးကြီး ဦးသိန်းဝင်းက မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် လူငယ်များ လူညွန့်တုံးမှုဖြစ်လာကြောင်း၊ ယနေ့လူငယ်များသည် နောင်ဝယ် လူကြီးလူကောင်းဖြစ်၍ တိုင်းကျိုးပြည်ပြုပုဂ္ဂိုလ်မွန်များ ဖြစ်လာကြမည်ဖြစ်သောကြောင့် မူးယစ်ဆေးဝါးကို ဝေးဝေးမှ ရှောင်ရှားကြစေလိုကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ကလေးခရိုင် MANA အသင်းဥက္ကဋ္ဌ ဆရာဦးကျော်ဝင်းက ကလေးများ မူးယစ်ဆေးဝါးသုံးစွဲလျှင် မည်သူ့တွင်တာဝန်ရှိသလဲ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကလေးခရိုင် မူးယစ်တပ်ဖွဲ့မှ ဒုတိယရဲမှူး ဦးလှထွေးက ဘိန်းစတင်ပေါ်ပေါက်လာပုံနှင့် ကလေးမြို့သို့ မူးယစ်ဆေးဝါးဝင်ရောက်လာသော လမ်းကြောင်းကိုလည်းကောင်း၊ ကလေးခရိုင်ဥပဒေအရာရှိ ဦးမြင့်စိုးက မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ပြစ်မှုပြစ်ဒဏ်များကိုလည်းကောင်း၊ လူကုန်ကူးမှုတိုက်ဖျက်ရေးမှ ရဲအုပ်ဝင်းလှိုင်က ကလေးမြို့နယ် ပျဉ်ခုံကြီးကျေးရွာမှ အမျိုးသမီးတစ်ဦး မလေးရှားနိုင်ငံတွင် ရောင်းစားခံရသည့်အကြောင်းများကို ရှင်းလင်းဟောပြောပေးခဲ့ကြကြောင်း သိရသည်။

အဆိုပါဟောပြောပွဲကို ကလေးခရိုင် MANA အသင်း၊ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းမှ ဦးဆောင်ကျင်းပခြင်းဖြစ်သည်။

ယင်းဟောပြောပွဲသို့ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းအုပ်ဆရာကြီး ဦးကျော်လွင်နှင့် ဆရာ၊ ဆရာမများအပါအဝင် ကျောင်းသား၊ ကျောင်းသူ ၇၁၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ချင်းတွင်းသား(ပြန်/ဆက်)**

## သာယာဝတီခရိုင်၊ နတ်တလင်းမြို့နယ် လူကုန်ကူးမှု တိုက်ဖျက်ရေးအထိမ်းအမှတ် ဟောပြောပွဲနှင့် ပိုစတာ၊ ကာတွန်း၊ ဆောင်းပါးပြိုင်ပွဲ ပြုလုပ်

**နတ်တလင်း၊ စက်တင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ နတ်တလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီက မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးအထိမ်းအမှတ် ဟောပြောပွဲနှင့် ပိုစတာ၊ ကာတွန်း၊ ဆောင်းပါးပြိုင်ပွဲ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥက္ကဋ္ဌ ဦးဇော်လွင်၊ ဥပဒေအရာရှိ အငြိမ်းစား ဦးတင်ဝင်း၊ မြို့နယ်ပညာရေးမှူး ဦးဝင်းအောင်၊ မြို့နယ်ဆရာဝန်ကြီး ဦးစိုးလှိုင်ဦးတို့မှ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ သိကောင်းစရာများ၊ ပြစ်မှုဥပဒေများ၊ ပြစ်ဒဏ်များဆိုင်ရာတို့ကို ပြောကြားခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးအောင်သန်းနှင့် တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မီးသတ်၊ ကြက်ခြေနီနှင့် အခြား NGO အဖွဲ့များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်းအင်အား ၁၅၀ ခန့် တက်ရောက်ခဲ့ကြသည်။ **(၀၇၁)**


### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အာသာဝတီလမ်း၊ အမှတ်(၂၄)၊ (၃လွှာ)ယာ၊ အကျယ်အဝန်းအားဖြင့် ပေ(၁၂×၅၀) အကျယ်ရှိ လူနေတိုက်ခန်းအားအမည်ပေါက်ပိုင်ဆိုင်သူများဖြစ်သည့် ဦးဟန်ဇွန်လတ်|၁၄/ပတန(နိုင်)၀၈၄၂၀၆| + ဒေါ်မိုးမိုးစံ|၁၄/ပတန(နိုင်)၀၄၁၂၈၃|တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးအောင်ထွန်းဦး|၁၄/ကလန(နည)၀၀၀၀၅၇|က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါတိုက်ခန်းနှင့်ပတ်သက်သည့် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နှင်းဝင့်ဝါမျိုးငွေ(စဉ်-၈၇၈၉)**
**LL.B, D.B.L, D.I.L, D.APsy**

**ဒေါ်စိုးစန္ဒာနှင်း(စဉ်-၉၂၉၁)**
**LL.B, D.B.L, D.I.L, D.M.L**

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၇၃/ခ)၊ ဧယျာ(၇)လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉၇၃၀၁၀၇၄၂၊ ၀၉-၅၀၉၅၆၅၂**

### အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၈)ရပ်ကွက်၊ နှံ့သာဖြူလမ်း၊ အမှတ်(၇၃၃/က)၊ အကျယ်အဝန်း ပေ(၂၀×၆၀)ရှိ မြေကွက်သည်ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဦးသန်းငွေ|၁၂/ဒဂန(နိုင်)၀၆၃၀၅၅|ပိုင်ဆိုင်သောမြေကွက်ဖြစ်ပြီး ယင်းမြေကွက်အား ကျွန်ုပ်အမှုသည်မှမည်သူ့ကိုမျှ လွှဲပြောင်းရောင်းချထားခြင်းမရှိကြောင်းနှင့် ကန့်ကွက်ရန်ရှိသူမည်သူမဆိုခိုင်မာသော အထောက်အထားမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးသန်းငွေ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန်းဆွေ(L.L.B) ဥပဒေအကျိုးဆောင်ရှေ့နေ(စဉ်-၂၁၅၁၂)**
**အမှတ်(၇၃/က)၊ ဗိုလ်ဗလလမ်း၊ (၁၆၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၂၀၁၀၂၅၁၂**

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၀(သမိုင်း)၊ မြေကွက်အမှတ်-၈/ $\frac{က^{၁-၆}}{၂}$ + ၈/က^{၁-၆} ဧရိယာ(၀. ၁၈၃)ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၆၄/ဇ ဧယျာခေမာလမ်းသွယ်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်ဟုခေါ်တွင်သော နှစ်ထပ်တိုက်ရေ၊ မီး၊ ပါဝါမီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်နှင်းနှင်းနွယ်|၁၂/သလန(နိုင်)၀၆၉၁၅၄|နှင့် ဒေါ်မေပွင့်ဖြူနှင်း|၁၂/မရက(နိုင်)၁၃၆၉၇၉|တို့ထံမှ ဥပဒေနှင့်အညီ တရားဝင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေနှင့်အိမ်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကိုကန့်ကွက်လိုပါက ယနေ့မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းစာရွက်များနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးလှဝင်း**
**B.Sc,H.G.P.R.L.D.B.L.D.M.L.DI.L.M.Dev.S**
**တရားလွှတ်တော်ရှေ့နေနှင့်နိုတြီပဗ္ဗလစ်**
**အမှတ်(၅၆၇)၊ ကုန်သည်လမ်း(မဟာဗန္ဓုလပန်းခြံလမ်းနှင့် ၃၅လမ်းကြား)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၀၂၉၁၇၉**

# မဒမ်ကျေးရွာနှင့် ခေါ်တေကျေးရွာတွင် ဆိုလာမီးလင်းရေး ဆောင်ရွက်

**ကလေး၊ စက်တင်ဘာ ၁၆**

နိုင်ငံတော်အစိုးရသည် ပြည်သူ့အကျိုးပြုဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေသည်ဖြစ်ရာ တွန်းဇံမြို့နယ် မဒမ်ကျေးရွာနှင့်ခေါ်တေကျေးရွာတွင် မကြာမီဆိုလာမီးလင်းထိန်တော့မည်ဖြစ်ကြောင်း သိရသည်။

ချင်းပြည်နယ် တွန်းဇံမြို့နယ်၊ မဒမ်ကျေးရွာနှင့် ခေါ်တေကျေးရွာမှ အစိုးရ၏ ကူညီထောက်ပံ့မှုဖြင့် ဆိုလာမီးနှင့် ဆက်စပ်ပစ္စည်းများကို ကလေးမြို့တွင် စက်တင်ဘာ ၁၂ ရက်က ဝယ်ယူခဲ့ကြကြောင်း သိရသည်။

"ကျွန်တော်တို့ မဒမ်ကျေးရွာအတွက် ဆိုလာမီး ၃၈ စုံ၊ ခေါ်တေကျေးရွာအတွက် ဆိုလာမီး ၁၃ စုံ လာရောက်ဝယ်ယူခြင်းဖြစ်ပါတယ်။ ချင်းပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့တဲ့မီးဖြစ်ပါတယ်။ ဘယ်ကဏ္ဍကနေ ထောက်ပံ့ပေးတယ်ဆိုတာကို တိတိကျကျ မပြောတတ်ဘူး။ နတ်ဇန်ကျေးရွာနဲ့ မွာလ်ပီးကျေးရွာအပြင် တခြားကျေးရွာတွေကိုလည်း ဆိုလာမီး ထောက်ပံ့ပေးတယ်လို့ကြားပါတယ်" ဟု ဆိုလာမီးနှင့် ဆက်စပ်ပစ္စည်းများ လာရောက်ဝယ်ယူသည့် အဖွဲ့ခေါင်းဆောင် မဒမ်ကျေးရွာတာဝန်ခံ ဦးသောင်းခိုမန်က ပြောသည်။

"ဆိုလာမီးအစုံ ၅၁ စုံလာရောက်ဝယ်ယူခဲ့ပါတယ်။ တစ်စုံကို ဆိုလာပြား 80 Wတစ်ပြား၊ ဘက်ထရီအိုး 60 W တစ်လုံး၊ အင်ဗာတာတစ်လုံး၊ DC လေးပေမီးချောင်း တစ်ချောင်း၊



နှစ်ပေမီးချောင်းတစ်ချောင်းနဲ့ တစ်ပေမီးချောင်းနှစ်ချောင်း စုစုပေါင်း လေးချောင်း ပါဝင်ပါတယ်။ တစ်စုံရဲ့ တန်ဖိုးက ကျပ်တစ်သိန်းခွဲလောက်ကျတယ်" ဟု အရောင်းဆိုင်တာဝန်ခံက ပြောသည်။

**ဒီဒိုင်း(ကလေး)**

# မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ကြက်ဆူတောကျေးရွာ၌ နိုင်ငံသားစိစစ်ရေး ကတ်ပြားများ နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်

**တောင်တွင်းကြီး၊ စက်တင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မြို့နယ်ဦးစီးဌာနမှူး ဦးအောင်သန်းဝင်း၊ နယ်မြေတာဝန်ခံ ဒု-လဝကမှူး ဦးကျော်စိုးမိုးနှင့် ဝန်ထမ်းများသည် မိုးပွင့်အဆင့် (၆) စီမံချက်ဖြင့် စက်တင်ဘာ ၁၄ ရက်က ကြက်ဆူတောကျေးရွာအရောက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအာကာစိုးတို့က အမှာစကား ပြောကြားခဲ့သည်။

မကွေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းဝေက မိုးပွင့်အဆင့် (၆) ၏ ထူးခြားချက်က တစ်လတွင် နှစ်ရက်ကွင်းဆင်းဆောင်ရွက်ပေးကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို အခမဲ့ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ကာ နိုင်ငံတော်သို့ သတ်မှတ်ငွေ ခြောက်ကျပ်သာ ပေးသွင်းရပြီး အထောက်အထား၊ စာရွက်စာတမ်း၊ မိတ္တူကူးခ၊ ဓာတ်ပုံကူးခ၊ သွေးစစ်ခအပါအဝင် ကုန်ကျစရိတ်များကို နိုင်ငံတော်သို့ ပေးသွင်းရခြင်းမရှိကြောင်း ကွင်းဆင်းဆောင်ရွက်ရာတွင် One Stop Service ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

"ကျွန်တော်တို့ ကြက်ဆူတောကျေးရွာမှာ နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်လိုသူတွေ၊ အိမ်ထောင်စုစာရင်း ပြုလုပ်လိုသူတွေကို ကျေးရွာအရောက် လာရောက်ကွင်းဆင်းဆောင်ရွက်ပေးတဲ့အတွက် ကျောင်းသား၊ ကျောင်းသူများနဲ့ ဒေသခံပြည်သူတွေ ဝမ်းသာပီတိဖြစ်ရပါတယ်" ဟု ကြက်ဆူတောကျေးရွာ ဒေသခံပြည်သူတစ်ဦးက ပြောသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းဝေနှင့် တာဝန်ရှိသူများက ဒေသခံပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

**နိုင်ဝင်း**

# အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်း ၁/၂၀၁၄ လှိုင်သာယာမြို့နယ်တွင် ဖွင့်လှစ်

**ရန်ကုန်၊ စက်တင်ဘာ ၁၆**

ပြည်သူ့ဝန်ဆောင်မှုများ အသက်အိုးအိမ်စည်းစိမ် ကာကွယ်နိုင်ရေးအတွက် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်း ၁/၂၀၁၄ ဖွင့်ပွဲကို စက်တင်ဘာ ၈ ရက် မွန်းလွဲ ၃ နာရီက လှိုင်သာယာမြို့နယ် မီးသတ်ဦးစီးဌာနမှူးရုံးတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်မီးဘေး တားဆီးရေးဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ငြိမ်းက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းဖွင့်လှစ်ပေးကာ သင်တန်းသို့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ရန်ကုန်တိုင်းဒေသကြီး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးသန်းမြင့်ဦး၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး အုပ်ချုပ်ရေးမှူး ဦးခင်မောင်ကြီး၊ မြို့နယ်လျှပ်စစ်အုပ်ချုပ်ရေးမှူး ဦးဌေးနိုင်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးမြင့်ဦးနှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာများမှ အရန်မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသား ၅၀ ဦး တက်ရောက်ကြသည်။

သင်တန်းကာလမှာ ရက်သတ္တပတ် လေးပတ်ဖြစ်ကြောင်း သိရှိရသည်။

**(၃၂၉)**

# ၂၀၁၄ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ်နှင့် ဆုချီးမြှင့်ပွဲအခမ်းအနား မြိတ်တွင်ကျင်းပရာ ဂုဏ်ပြုထိုက်သူ ၁၈ ဦးအား ဆုများချီးမြှင့်ခဲ့

**မြိတ်၊ စက်တင်ဘာ ၁၆**

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ မြစ်ငယ်ရပ်၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ စက်တင်ဘာ ၁၄ ရက် မွန်းလွဲ ၁ နာရီက ၂၀၁၄ ခုနှစ် ကမ္ဘာ့ရှေးဦးသူနာပြုစုခြင်းနေ့ အထိမ်းအမှတ်နှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပခဲ့ရာ ၎င်းအခမ်းအနားတွင် ဂုဏ်ပြုထိုက်သူ ၁၈ ဦးအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

၂၀၁၄ ခုနှစ်၊ ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် ဆုချီးမြှင့်ပွဲအခမ်းအနားအား ဆက်လက်ကျင်းပရာ ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်း မြိတ်ခရိုင်အတွင်း ဖြစ်ပွားခဲ့သည့် မီးဘေး၊ ရေဘေး၊ လေဘေး၊ ကယ်ဆယ်ရေးလုပ်ငန်းများတွင် ပျက်ကွက်ခြင်းမရှိ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သော ဂုဏ်ပြုဆုအား မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှ တပ်ခွဲမှူး ခိုင်လင်းအားလည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင် တူရကီနိုင်ငံ၌ ကျင်းပပြုလုပ်သော နိုင်ငံတကာ ကြက်ခြေနီလူငယ်တွေ့ဆုံပွဲသို့ တက်ရောက်ရန် ရွေးချယ်ခံရသည့်မြိတ်မြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှ ဒုတပ်ခွဲမှူး သက်နိုင်ထွေးအားလည်းကောင်း၊ ၂၀၁၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် သုံးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော တပ်ကြပ်ကြီး ဇော်ထက်နိုင်နှင့် ၂၀၁၄ ခုနှစ်၊ ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် အထွေထွေဗဟုသုတပြိုင်ပွဲတွင် သာမန်အဆင့်၊ အခြေခံအဆင့် ဆုရရှိသူများနှင့် ပတ်တီးစည်းစွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိသူပေါင်း ၁၅ ဦး အပါအဝင် စုစုပေါင်း ၁၈ ဦးတို့အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ခဲ့သည်။ အခမ်းအနားတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်မှ ပေးပို့သော ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့သဝဏ်လွှာကို မြိတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းက ဖတ်ကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ မြိတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်း၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြိတ်တက္ကသိုလ်တာဝန်ခံပါမောက္ခချုပ်၊ နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီး၊ ကွန်ပျူတာတက္ကသိုလ် ကျောင်းအုပ်ကြီး၊ မြိတ်မြို့ပေါ်ရှိ အ. မ. က၊ အ. လ. က၊ အ. ထ. က ကျောင်းများမှ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ တိုင်းကြက်ခြေနီ သူနာပြုတပ်ဖွဲ့ဦးစီးမှူး ဒေါ်အေးအေးသန်း၊ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ဒုတပ်ရင်းမှူး ဦးအောင်တင်ဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၅၀ ဦး တက်ရောက်ခဲ့သည်။

**မြင့်ဦး(မြိတ်)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ မြေကွက်အမှတ်(၄၈၇)၊ မြေအကျယ် ပေ(၄၀×၆၀)အား အမည်ပေါက် တပ်ကြပ်အေးမောင် ကပ(၆၃၈၅၃၁)၊ TGI-၀၂၀၃၁၀ထံမှ အပြီးအပိုင်ဝယ်ယူထားပြီးဖြစ်ပါသဖြင့် မြေချပါမစ်ကိုယ်စား ထုတ်ယူခွင့်ပြုပါရန် ဒေါ်ဖြူဖြူမြင့် [၁၂/သကတ(နိုင်)၀၀၅၆၁၂]မှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ဤဦးစီးဌာသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ သီဂီ(၁)လမ်း(တောင်)၊ အမှတ်(၂၇၇/ခ)၊ မြေကွက်အမှတ်(၂၇၇/ခ)၊ မြေတိုင်းရပ်ကွက်အမှတ်(၅) မြေပေါ်ရှိ နှစ်ခန်းတွဲ(၆)ထပ်တိုက်၏ ပထမထပ်၊ ခေါင်းရင်းခန်း(၁၃ပေ×၅၅ပေ)ရှိ အခန်းကို ကန်ထရိုက်တာ ဦးဇော်လင်းဦး[၁၂/သဃက(နိုင်)၀၃၈၆၃၁]နှင့် ဦးဇော်မြင့်[၁၂/သဃက(နိုင်)၁၄၂၉၉၅]တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးဌေးအောင် [၁၂/သကတ(နိုင်)၀၀၉၄၂၃]က အပြီးအပိုင် ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ ဝယ်ယူသူဦးဌေးအောင်၏လွှဲအပ်ချက်အရ-

| | | |
|---|---|---|
| ဦးထင်ကျော် | ဒေါ်သက်လေးချို | ဒေါ်အေးညိမ့်ညိမ့်ကို |
| **B.Sc.,H.G.P,R.L** | **LL.B,D.B.L,D.I.L** | **LL.B** |
| တရားလွှတ်တော်ရှေ့နေ(၅၁၁၅) | **WIPO(Switzerland)** | အထက်တန်းရှေ့နေ(၃၉၂၆၁) |
| | အထက်တန်းရှေ့နေ(၁၁၄၂၄) | |

**Super Top Law Firm**

အမှတ်(၁၃၈)၊ ပ/ထပ်၊ ၃၂-လမ်း(အလယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၄၃၅၆၈၊ ၀၉-၅၁၈၆၀၂၁၊ ၀၉-၄၃၁၁၂၆၃၇

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၈)၊ မြေကွက်အမှတ်(၈၈၄+၈၈၅)၊ ဧရိယာ(၀. ၁၁၄)ဧက ရှိ နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ၇၈-ရပ်ကွက်၊ ပုဏ္ဏမီလမ်း၊ အမှတ်(၈၈၄/၈၈၅) ဟုခေါ်တွင်သော မြေကွက်နှင့် တွယ်ကပ်ဆက်စပ်သမျှ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးစိုးတင့်[၁၃/တကန(နိုင်)၀၁၀၀၀၄]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ်ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ဘော်(လိုင်စင်-၄၀၃၅) **LL.B,DBl, DML,DIL,DLP,WIPO(Switzerland)**
ဒေါ်အေးအေးစိုး(လိုင်စင်-၅၈၂၇) **B.Sc,Hon(IC),HGP,R.L,D.B.L.**
တရားလွှတ်တော်ရှေ့နေများ
အမှတ်(၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
**Tel:294866, HP:09-5017044, 09-73107094**

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ သတိပဋ္ဌာန်လမ်း၊ တိုက်အမှတ်(၉၄)နေ ဦးမင်းဇော်[၁၂/မဂဒ(နိုင်)၀၆၃၁၃၀]သိရှိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ သတိပဋ္ဌာန်လမ်း၊ တိုက်အမှတ်(၉၄)၊ (၆)လွှာ(ခေါင်းရင်းခန်း)တွင်နေထိုင်သော ဦးမင်းဇော်[၁၂/မဂဒ(နိုင်)၀၆၃၁၃၀]သည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းမြင့်ကြည်ပိုင်ဆိုင်သည့် ဒေါ်တင်ဥအမည်ပေါက် မြေငှားဂရန် (မူရင်း)တစ်စောင်၊ ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင် တရားရုံးတော်မှ ထုတ်ပေးသည့် တရားမအထွေထွေမှုအမှတ် (၂၀၇/၂၀၁၃)မှ ရရှိသော အမွေထိမ်းလက်မှတ်(မူရင်း)စာတစ်စောင် ဘဏ်ငွေသွင်းပြေစာတစ်စောင်နှင့် မြေခွန်ပြေစာ(မူရင်း)တစ်စောင်တို့အား ဤကြော်ငြာပါရှိ သည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ဖြစ်စေ (သို့မဟုတ်) ဒေါ်စန်းမြင့်ကြည်ထံဖြစ်စေ(အမြန်)ပြန်လည်ပေးအပ်ပါရန် အသိပေးကြေညာပါသည်။

ဦးမင်းဇော်မှ သတ်မှတ်ရက်များအတွင်း ပြန်လည်ပေးအပ်ခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

| | | |
|---|---|---|
| ဒေါ်နီလာခိုင် | ဦးစန်းမောင် | ဦးသန်းစိုးထွန်း |
| **LL.B,D.BL,WIPO D.L.P(Switzerland)** | **(LLB,D.B.L)** | **LL.B,D.B.L.WIPO,D.L.P(Switzerland)** |
| (စဉ်-၃၂၇၀၄) | (စဉ်-၃၁၇၃၄) | (စဉ်-၈၁၇၀) |

အထက်တန်းရှေ့နေများ　　　　　　တရားလွှတ်တော်ရှေ့နေ
အမှတ်(၆၂)၊ ပထမထပ်၊ အခန်း(၁၇)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၇၃၉၆၈




ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း (၃၅)ကြိမ်မြောက် အာဆီယံပါလီမန်များအထွေထွေညီလာခံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အာဆီယံပါလီမန်များအထွေထွေညီလာခံသို့ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၆**

(၃၅)ကြိမ်မြောက် အာဆီယံပါလီမန်များအထွေထွေညီလာခံ ဖွင့်ပွဲအခမ်းအနားကို DONCHAN PALACE HOTEL ၌ စက်တင်ဘာ ၁၆ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ကျောင်းသား ကျောင်းသူလေးများက AIPA တေးသီချင်းများသီဆို၍ စတင်ဖွင့်လှစ်ခဲ့သည်။

ယင်းနောက် လာအိုနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ASEAN INTER PARLIAMENTARYASSEMBLY(AIPA)ဥက္ကဋ္ဌ H.E. Mme Pany YATHOTOU က အဖွင့်မိန့်ခွန်းပြောကြားပြီး လာအိုနိုင်ငံ ဝန်ကြီးချုပ် H.E. Mr.Thongsing THAMMAVONG က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် တက်ရောက်လာသော အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များက မိန့်ခွန်းပြောကြားကြသည်။

ပြည်ထောင်စုလွှတ်တော်နာယက က ပြောကြားရာတွင် ယခုကျင်းပသည့် အာဆီယံပါလီမန်များညီလာခံ၌ "အာဆီယံအသိုက်အဝန်း ထူထောင်ဖို့ ပါလီမန်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ကြပါစို့"ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ဆွေးနွေးကြမည်ဖြစ်ပါကြောင်း၊ အာဆီယံအသိုက်အဝန်းစီမံကိန်း ရည်မှန်းချက်များ ၈၀ ရာခိုင်နှုန်းအကောင်အထည်ဖော်ပြီးဖြစ်သော်လည်း အားရကျေနပ်မနေသင့်ပါကြောင်း၊ ကျန်ရှိနေသေးသော ရည်မှန်းချက်များ အချိန်မီပြီးမြောက်စေရန်အတွက် အာဆီယံနိုင်ငံများအချင်းချင်းသာမက ဆွေးနွေးဖက်များနှင့်လည်း

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

# မြန်မာနိုင်ငံ၏ ကမ္ဘာလုံးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဖိုရမ် ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၆**

မြန်မာနိုင်ငံ၏ ကမ္ဘာလုံးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်၊ ဦးစိုးမောင်၊ ဦးကျော်လွင်၊ ဒေါက်တာကံဇော်၊ ဒေါက်တာမြင့်အောင်၊ ဦးမောင်မြင့်၊ ဒေါက်တာကိုကိုဦးနှင့် ဦးငွေးအောင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်၊ နိုင်ငံတကာမှ စီးပွားရေးပညာရှင်များနှင့် လုပ်ငန်းရှင်များ၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ၊ တာဝန်ရှိသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် Euromoney Institutional Investor Mr. Tony Shale က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ✱

## လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်

**နေပြည်တော် စက်တင်ဘာ ၁၆**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း တစ်ခုဖြစ်ပေါ်နေကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**


ယနေ့ မာတိကာ

လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေး
စာမျက်နှာ - ၂

ကြောက်လို့ မပြောတာ၊ ရှက်လို့ မပြောတာ၊ ဒီတစ်ခါ မပါပါစေနဲ့
စာမျက်နှာ - ၆

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးကိုယ်ကာယ ကြံ့ခိုင်မှုစံပြအလှမယ်ပြိုင်
စာမျက်နှာ - ၁၁


# ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်လက်ရာ အများဆုံးတည်ရှိသောမန္တလေးမြို့သို့ နိုင်ငံခြားသားခရီးသွားဧည့်သည်များ နေ့စဉ်ဝင်ရောက်မှုများပြား

**မန္တလေး စက်တင်ဘာ ၁၆**

မြန်မာနိုင်ငံအတွင်းရှိ သဘာဝအလှတရားများနှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်လက်ရာများကို တစ်နေ့ထက်တစ်နေ့ ကမ္ဘာကသိရှိလာသည်နှင့်အမျှ ၎င်းအလှတရားများနှင့် လက်ရာမွန်များကိုလေ့လာရန် နိုင်ငံခြားသားခရီးသွားဧည့်သည်များ နေ့စဉ်ဝင်ရောက်လျက်ရှိရာ မန္တလေးမြို့သည် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်လက်ရာအများဆုံးတည်ရှိသောမြို့တော်ဖြစ်သည်။

"နိုင်ငံခြားသားခရီးသွားတွေက မန္တလေးမြို့ကို တော်တော်စိတ်ဝင်တစား လာရောက်လည်ပတ်ကြတယ်၊ ကျွန်တော်တို့က သူတို့ကို မန္တလေးမြို့ကို လိုက်လံပြသရာ မြောက်ဘက်ခြမ်းတစ်ရက်၊ တောင်ဘက်ခြမ်း တစ်ရက် နှစ်ရက်လောက် လိုက်လံပို့ဆောင်ပေးရကြောင်း၊ မြောက်ဘက်ခြမ်းဆိုရင် ကုသိုလ်တော်ဘုရား၊ ကျောက်တော်ကြီးဘုရား၊ မန္တလေးတောင်၊ မန္တလေးကျုံးမြို့ရိုး၊ နန်းမြို့တွင်းရှိ ရွှေကျောင်းကြီး၊ မင်းကွန်းဒေသရှိ ပုထိုးတော်ကြီးနှင့် ခေါင်းလောင်းကြီး စသည်ဖြင့်ပေါ့၊ တောင်ဘက်ခြမ်းဆိုရင်လည်း မဟာမြတ်မုနိဘုရားကြီး၊ ဦးပိန်တံတား၊ ဗားကရာကျောင်းတော်ကြီး၊ အင်းဝမြို့ရှိ ရှေးဟောင်းစေတီပုထိုးများသို့

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ✿



မန္တလေးမြို့ ကုသိုလ်တော်ဘုရားတွင် လေ့လာဖူးမြော်နေကြသော ကမ္ဘာလှည့်ခရီးသွားများကို တွေ့ရစဉ်။




RB Ph : 662107, 9669012, 0973028674, 02-77838, 053-27705, 074-20071, 081-2122838, 057-27170, 073-22158, 082-23561, 043-23859, 098763546, 067-24760, 0949850196, 075-25979. Fax-521905


themirror.npt@gmail.com
www.facebook.com/themirrordaily
R/184

# " မြစိမ်းမြန်မာ မှ ကျေးဇူးတင်လွှာ "

၂၄.၈.၂၀၁၄ ရက်နေ့တွင် Rupar Mandalar Hotel ၌ကျင်းပခဲ့သော မြစိမ်းမြန်မာ (မန္တလေး) ရုံးဖွင့်ပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော အစိုးရအဖွဲ့ဝင် ဝန်ကြီးများ နှင့် ဇနီးများ၊ မန္တလေးမြို့စည်ပင်သာယာရေးအဖွဲ့မှ လူကြီးမင်းများ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးတရားသူကြီးချုပ်နှင့်ဇနီး၊ လူရည်ချွန်များ၊ မန္တလေးတိုင်းဒေသကြီးမှ အသင်းများ၏ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် သီဆိုဖျော်ဖြေပေးပါသော အဆိုတော် R ဇာနည် နှင့် ဖြူဖြူကျော်သိန်း၊ Models များ၊ တီးခတ်ပေးပါသော ကိုဇေယျာမင်း၊ အသံနှင့် မီးအလှဆင် Shells၊ Presenter ကိုဇေယျာလင်း၊ Rupar Mandalar Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ပွဲဖြစ်မြောက်ရန်ကူညီပေးပါသော ရန်ကုန်တိုင်းဒေသကြီးမှ လူရည်ချွန် (၁၉၆၈ - ၈၈) အတွင်းရေးမှူး ဦးကျော်ဒွေး၊ EC များ ဖြစ်ကြသော ဒေါ်သက်မာကြည်၊ ဒေါ်သွန်းယဉ်ဝင်း တို့အားလည်းကောင်း ရန်ကုန်တိုင်းဒေသကြီးမှရုံးဖွင့်ပွဲအမှတ်တရ လက်ဆောင်များပေးပို့ကြသော မိတ်ဖက်ကုမ္ပဏီများ၊ Customer များနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကိုအထူး ပင်လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။

**မြစိမ်းမြန်မာ ( EMERALD MYANMAR )**

Construction ၊ Trading ၊ Travels & Tours

အမှတ်(၁၁/ဃ) ၊ သီတာအေး(၉၀၁)၊ သိပ္ပံလမ်းနှင့် ရတနာပုံလမ်းထောင့် ၊ မဟာအောင်မြေမြို့နယ် ၊မန္တလေးတိုင်းဒေသကြီး။
ဖုန်း –၀၉ ၉၇၅၆၇၉၅၁၁၊ ၀၉ ၉၇၅၆၇၉၅၂၂၊ ၀၉ ၉၇၅၆၇၉၅၃၃၊ ၀၉ ၉၇၅၆၇၉၅၄၄ ။



ဒဂုံမြို့သစ်
အရှေ့ပိုင်း၊တောင်ပိုင်း၊ဆိပ်ကမ်း မြေကွက်များ
အထူးဈေးကောင်းပေးဝယ်သည်။
ဖုန်း ၀၉ ၅၀၆၂၁၅၈၊၀၉ ၄၂၀၁၀၁၉၇၅

သုံးရာသီ ဓမ္မဒါန
အင်းလေးဖောင်တော်ဦးပွဲ
ဘောင်ကြီး၊အင်းလေး၊ပင်းတယ
ကုံလုံ၊ကက္ကူ–ဆန်ဆမ်းလှိုင်ဂူ
လမ်းခရီးစုံ Oct-3
ထမင်းကျွေး–၄၅၀၀ဝ– အထင်မြင်ကားဖြင့်
၄၂၀၁၄၄၁၄၈,၄၂၁၁၅၃၇၉၇

အရောက်ပို့သက်နိုး
သုခချမ်းသာသက်နိုးတိုက်
01-512443, 09-73017656, 09 32380867

ခေတ်ရွှေဆောင်
၀၉ ၄၄၉၂၅၀၁၉၁၊ ၀၁-၇၁၀၀၈၂
၀၉ ၄၂၀၀၀၂၂၇၊ ၀၉ ၅၀၇၃၅၆၅
အင်းလေးဖောင်တော်ဦးဘုရားပွဲ ၊ လွိုင်ကော်၊ ကလော၊ ပင်းတယ၊ ထန့်ဆမ်း၊ ရွှေတော်ကက္ကူ၊ နေပြည်တော်(၇)ရက်၊ ထားဝယ်ရွှေကိုးရှင်၊ မောင်းမကန်ကမ်းခြေ အပန်းဖြေ (၇)ရက်၊ ခရီးစဉ်တိုင်း–စက်လှေ+ထမင်းကျွေး+တည်း(ငြိမ်း)–၈၀၀၀၀/– Oct-3 Nov-3 ထွက်မည်





**99 အချိုမှုန့်**

နိုင်ငံတကာစံချိန်မီ အစားအသောက်များကို အရသာထူးကဲစေမည့် 99 အချိုမှုန့်

ပြောင်းဖူးမှ ထုတ်လုပ်ထားသော သဘာဝ ဟင်းခတ်အချိုမှုန့်စစ်စစ်

ငွေသားဖြင့်ကံစမ်းမဲချီးမြှင့်ပေးပါမည်။ ◆ ပေါက်မဲများကို သတင်းစာတွင် ကြေညာပေးပါမည်။

ပထမဆု –၁၀၀၀၀၀၀၀ (သိန်းတစ်ရာကျပ်) တတိယဆု – ၃၀၀၀၀၀(သုံးသိန်းကျပ်)
ဒုတိယဆု – ၅၀၀၀၀၀ (ငါးသိန်းကျပ်) အထူးဆု – (ဆုမဲပေါင်းများစွာ) တစ်ဆုလျှင် ၁၀၀၀၀၀ (တစ်သိန်းကျပ်)

**ရန်ကုန် ကိုယ်စားလှယ်များ**

| | | | |
|---|---|---|---|
| ၁။ | ဒေါ်ရွှေခင် | 22 လမ်း၊လသာ။ | 09 400471076 |
| ၂။ | ဦးလှမောင် | အမှတ်(H-1)၊ ညောင်ပင်လေးဈေး၊ | 01 229834, 09 73030189 |
| ၃။ | ဒီမမအောင် | 455၊ မြေအောက်ထပ်၊ ညောင်ပင်လေးဈေး။ | 01 210702, 09 5106831 |
| ၄။ | စိန်အိုးစည် | ညောင်ပင်လေးဈေး။ | 09 5084414, 01 709734 |
| ၅။ | နှင်းနှင်းလှိုင် | ညောင်ပင်လေးဈေး။ | 09 681868, 09 73165075 |
| ၆။ | မခိုင် | အမှတ်(၂၈၄/၂၈၅)၊(ပဒေသာဈေး) တောင်ဥက္ကလာပမြို့နယ်။ | 01 578598 |
| ၇။ | မနိုင် | ရွှေပြည်သာမြို့နယ်။ | 09 250980518 |

**နယ်ကိုယ်စားလှယ်များ**

| | | | |
|---|---|---|---|
| ၁။ | ဟုန်ရှင်း (ဆန်ဆိုင်) | မော်လမြိုင် | 09 49314328, 09 425299644 |
| ၂။ | ဦးစိုင်းရှန် | တောင်ကြီး | 08 1205929, 08 12122589 |
| ၃။ | ဦးလှကြီးမောင်/ဒေါ်ခင်မာရီ | ကျောက်ပန်းတောင်းမြို့ | 09 2220129, 092220331,061-50087 |
| ၄။ | ကိုအောင်မြင့်မြတ် | ကြို့ပင်ကောက် | 09 5374657 |
| ၅။ | ကိုညီညီ | ချောက်မြို့ | 06 1200662, 09 401675488, 09 33860608 |
| ၆။ | ကိုသူရဇံ | စစ်တွေ | 09 250332792 |
| ၇။ | ကိုနေလင်းကျော် | တပ်ကုန်း | 06 771055, 09 250201166 |
| ၈။ | ဦးသောင်းစိန် | တောင်တွင်းကြီး | 06 3500641, 09 5333073 |
| ၉။ | ဒေါ်ထွေးထွေး | နေပြည်တော် | 09 5169072, 09 43016061, 09 6700769 |
| ၁၀။ | ဒေါ်စိုးစိုးလွင် | ပန်းတနော် | 09 422489515 |
| ၁၁။ | ဒေါ်ဝင်းမြင့် | ပုသိမ် | 04 221613 |
| ၁၂။ | မနိုင် | ပြည် | 09 31591642 |
| ၁၃။ | ဒေါ်ကောက်ပို့ | ဘိုကလေး | 09 428016337, 09 8595284 |
| ၁၄။ | ကိုထွန်းထွန်း | မအူပင် | 09 8585877 |
| ၁၅။ | ဒေါ်ဆွေဆွေရီ /မစောစန္ဒီညွန့် | မိတ္ထီလာ | 09 402554278, 09 259216840 |
| ၁၆။ | မဇွာလေး | ကလေး | 09400309254, 09402716059 |
| ၁၇။ | ဒေါ်ခင်ထွေးကြည် | မှော်ဘီ | 09 73190890 |
| ၁၈။ | ကိုဇော်မြင့် | မန္တလေး | 09 4302707083,09 2033668 |
| ၁၉။ | ကိုအောင်အောင်မြတ် | မြိတ် | 09 43084472, 09 82020303 |
| ၂၀။ | ဦးဘစံ | သာစည် | 09 2225777 |

**အစားအသောက်ထုတ်လုပ်ခြင်း ထောက်ခံချက်အမှတ် - ၈၉/ ၁၃၀၂၂ / ထလ**

**ကိုယ်စားလှယ်ယူလိုသူများနှင့် ရောင်းချလိုသူများ**

**လာရောက်ဆက်သွယ် ဆွေးနွေးနိုင်ပါသည်။**

**ပင်ရင်းဌာန / ဖြန့်ချိရေးဌာန - အမှတ် (၉၇ / ၉၉)၊ ၂၂လမ်း၊ အထက်ဘလောက်၊ လသာမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်းနံပါတ် - 01 - 382333 , 01 - 384632 , 09 730 48157, 09-250065716, 09 250065717,09 250065719**

(မွေးတောင်ကြီး ခရီးသွားလုပ်ငန်းမှ စီစဉ်သည်)

# သာကီနွယ် ဗုဒ္ဓဂယာ ဘုရားဖူးပို့ဆောင်ရေး



ယခင် ~~(၈)သိန်း~~ ယခု **(6.6)** သိန်းစရိတ်ငြိမ်း (ယခင် ၁၂ရက်ခရီးစဉ်အစား ၁၅ရက်) ဖွား၊ ပွင့်၊ ဟောခဲ့ စံ သာဝတ္ထိ၊ ဝေသာလီ၊ နာလန္ဒာ၊ ပတ္တနား၊ ရာဇဂြိုလ်

ယခင် ~~(၉)သိန်း~~ ယခု **(7.7)** သိန်းစရိတ်ငြိမ်း အထက်ဖော်ပြပါ ခရီးစဉ်အပါအဝင် နယူးဒေလီ၊ တပ်ချ်မဟာ

ဈေးနှုန်းလျှော့၍ ဝန်ဆောင်မှုလျှော့မည်မဟုတ်၊ ရန်ကုန်မှ ထွက်ခွာ/ပြန်ရောက်သည်အထိ မည်သည့်အပိုကြေးမှ ထပ်မံပေးသွင်းရန်မလိုစရိတ်ငြိမ်း။

ခရီးစဉ်ရက်များ: Oct - 8,15,22,29 Nov - 5,12,19,26 Dec - 3,10,17,24 Jan - 7,14,21,28

အပတ်စဉ် အောက်တိုဘာလမှ ဧပြီလကုန်အထိ ဗုဒ္ဓဟူးနေ့တိုင်းထွက်ရှိပါမည်။

- ခရီးစဉ်များအားလုံး (၁၅) ရက်ခရီး
- အသွား၊ အပြန်လေယာဉ်လက်မှတ်
- အိန္ဒိယ၊ နီပေါ ဗီဇာကြေးအပါအဝင်
- အမျိုးနည်းတူ စားသောက်/တည်းခိုမှု
- ဂယာနှင့် နယူးဒေလီ (ဟိုတယ်တည်း)
- ဘုရားစုံ၊ နေရာစုံ၊ ဒေသစုံ
- (၁၆)ဦး (၁)ဦးအခမဲ့

ရန်ကုန်(ရုံးချုပ်) – အမှတ်(၁၀၅)၊ ၁၂၃ လမ်း (အပေါ်)၊ သိမ်ဖြူကားမောင်းကွင်းရှေ့ ၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း ၀၁-၂၀၀၉၅၂၊၀၉-၅၂၁၁၄၀၂

မန္တလေးရုံးဖုန်း – ၀၂-၂၄၅၆၀ ၊ ၀၉- ၃၀၂၀၉၄၀၈ တောင်ကြီးရုံးဖုန်း – ၀၈၁-၂၀၀၁၇၃ ၊ ၀၈၁- ၂၁၂၂၄၀၂

**Hot Line - 01-200952**

# ရေနံ့သာ ခင်မောင်ထွေး ဖောင်ဒေးရှင်း

## YAY NANT THAR KHIN MAUNG HTWE FOUNDATION

ရေနံ့သာခင်မောင်ထွေး ဖောင်ဒေးရှင်းမှ တက္ကသိုလ်ဝင်တန်းကို ထူးချွန်စွာအောင်မြင်ပြီး တက္ကသိုလ်ပညာဆက်လက်သင်ကြားရန် ငွေကြေးအခက်အခဲရှိသူ ကျောင်းသား(၄၀ဦး)အား ဘွဲ့ရသည်အထိ ပညာသင်ထောက်ပံ့ကြေးကို ပေးအပ်မည်ဖြစ်ပါသဖြင့်မြန်မာနိုင်ငံတဝှမ်းမှ ပညာသင်ထောက်ပံ့ကြေးရယူလိုသူများ ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

၁။ တက္ကသိုလ်ဝင်တန်းအောင်မှတ်(၄၈၀)နှင့်အထက် ရရှိသူဖြစ်ရမည်။

၂။ မိခင်(သို့)ဖခင် မရှိသူနှင့် မိဘနှစ်ပါးစလုံးမရှိသူများကို ဦးစားပေးရွေးချယ်ပါမည်။

၃။ ကျေးလက်တောရွာတွင် နေထိုင်သူကို ဦးစားပေးရွေးချယ်မည်။

၄။ ကိုယ်တိုင်ရေး လျှောက်လွှာ(၁)စောင်(အမှတ်စာရင်းပူးတွဲတင်ပြရမည်။)

၅။ မိမိနေထိုင်သောအိမ်ရှေ့တွင် ရိုက်ကူးထားသော မတ်ရပ်ဓါတ်ပုံ(၁)၊ ပတ်စ်ပို့ဓါတ်ပုံ(၁)ပုံ၊ လျှောက်လွှာနှင့် ပူးတွဲတင်ပြရမည်။

၆။ မိမိရပ်ကွက် ကျေးရွာအတွင်းရှိ ရ.ယ.က (သို့)ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းမှ ဆရာတော်တစ်ပါး၏ ဆင်းရဲနွမ်းပါးကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်ပါရမည်။

၇။ တက္ကသိုလ်ပညာ ဆက်လက်သင်ကြားရန် မိမိတွင် ငွေကြေးအခက်အခဲဖြစ်ပေါ်နေကြောင်း A4 (၂)မျက်နှာခန့် ပြည့်စုံကျနစွာ မိမိကိုယ်တိုင်ရေးသား၍ လျှောက်လွှာနှင့်ပူးတွဲတင်ပြရမည်။

၈။ လျှောက်လွှာများကို ၃၁-၁၀-၂၀၁၄ အောက်တိုဘာလကုန်နောက်ဆုံးထား၍ မှတ်ပုံတင်စာဖြင့် အမှတ်(၂၉/ဘီ) မြေညီထပ်၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ရှိ ရေနံ့သာထရေးဒင်း ကုမ္ပဏီရုံးခန်းသို့ပေးပို့ရမည်။

၉။ လျှောက်လွှာရှင်များထဲမှ ပဏာမရွေးချယ်သူများကို ကွင်းဆင်းစစ်ဆေးပြီး အမှန်တကယ်လိုအပ်သူများကို သာ ထောက်ပံ့ကြေးပေးအပ်ပါမည်။

**ရေနံ့သာ ခင်မောင်ထွေး ဖောင်ဒေးရှင်း**
အမှတ်(၂၉/ဘီ)မြေညီထပ်၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၈၆၀၄၀၆၄

## မြေကွက်ဝယ်လိုသည်

ဒဂုံမြို့သစ်
အရှေ့ပိုင်း၊ တောင်ပိုင်း
ဆိပ်ကမ်း

09 255781353
09 250644566
09 254046497

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်၂၃/သုဝဏ္ဏ၊ မြေကွက်အမှတ်၃၄၊ မြေကွက်တည်နေရာအမှတ် ၅/၃၄၊ ကုံကော်မြိုင်လမ်း၊ သုဝဏ္ဏ၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးသန်းမောင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသန်းမောင်(ဖခင်)နှင့် ဒေါ်တုးတုး(မိခင်)တို့ ကွယ်လွန်သဖြင့် (၁) ဦးမြတ်သန်းထွဋ် (၁၂/ကမရ(နိုင်)၀၃၅၅၆၅)၊ (၂) ဒေါ်သီဂီသန်း (၁၂/ကမရ(နိုင်)၀၃၆၄၆၈)၊ (၃) ဦးချစ်သန်းထွဋ် (၁၂/ကမရ(နိုင်)၀၀၀၂၂၃)၊ (၄) ဒေါ်သီရိသန်း (၁၂/ကမရ(နိုင်)၀၀၂၄၁၇)၊ (၅) ဒေါ်စန္ဒာသန်း (၁၂/ကမရ(နိုင်)၀၁၁၃၉၃)၊ (၆) ဒေါ်ဇာဇာသန်း (၁၂/ကမရ(နိုင်)၀၁၁၃၉၄)တို့က သား/သမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# DOUBLE DIPLOMA AND DEGREE (TWO IN ONE PROGRAM)

**ကွန်ပျူတာ ဒီပလိုမာနှစ်ခု (သီအိုရီ နှင့် လက်တွေ့ကျွမ်းကျင်မှု) တစ်ပြိုင်တည်းရရှိပြီး**
**ကွန်ပျူတာသိပ္ပံဘွဲ့ကိုပါ တက်ရောက်နိုင်မည့်အထူးအစီအစဉ်**

**MCC Training Institute**

**Level-4**
**Diploma in Computing (NCC) (or)**
**BTEC Highter National Certificate (HNC)**
Microsoft Certified
Solutions Associate (MCSA)

**Level - 5**
**Diploma in Computing (NCC)**
**BTEC Highter National Diploma (HND)**
Microsoft Certified
Solutions Developer (MCSD)

**B.Sc (Hons;) Business IT**
**University of Greenwich (UK)**
Microsoft Certified
Solutions Expert (MCSE)

**Job Experience**
MCC - International Software
Development Center (ISDC)

**International Job Market**



**Open House**
Date : 20 September 2014
Time : 1:00 - 4:00 pm
Venue : Junction Square Complex, Building (8)
1st Floor, Kamayut T/S.

Yangon Campus Ph - 01-245762, 249152, 395512
Mandalay Campus Ph - 09-91034062, 09-402671562, 02-77930
Nay Pyi Taw Campus Ph - 09-31354842, *09-254148940*.
Yatanarpon Campus Ph - 02-5178112, 02-5178113, 02-5178132, 09-43104966
(မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်မှကျောင်းသား၊ ကျောင်းသူများအတွက် Hostel များစီစဉ်ထားရှိပါသည်။

**Hot Line - 246634, 2304156**

**Opening Date**
**29 Sept 2014**

